ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ စနေနေ့ (7-5-2011) (၆၇၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သာကေတဓာတ်အားပေးစက်ရုံ၊ အလုံဓာတ်အားပေးစက်ရုံနှင့် လှော်ကား ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ သာကေတ ဓာတ်အားပေးစက်ရုံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုံမြို့နယ် ကမ်းနားလမ်းရှိ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ သိုလှောင်ရုံ၊ စက်ရုံ နှစ်ထပ်ရုံးအဆောက်အအုံ တည်ဆောက်မည့်မြေနေရာနှင့် ၂၃၀ ကေဗွီ လိုင်းသာယာ-အလုံ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တာဝါတိုင်များ **စာမျက်နှာ ၃ ကော်လံ ၄ သို့✳**

မိုးရွာ မြူထူ နေပူ

တောင်ငူ မေ ၆

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့်လားမသိ။

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် အနီးတစ်ဝိုက်တွင် ယခင်ရက်ပိုင်းများအတွင်းက မိုးရာသီကဲ့သို့ နေ့စဉ်မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိရာမှ ယနေ့နံနက်ပိုင်းတွင် ဆောင်းရာသီကဲ့သို့ မြူနှင်းများ ထူထပ်စွာကျရောက်ခဲ့ပြီး နေ့ပိုင်းတွင်မူ လက်ရှိနွေရာသီကဲ့သို့ ရာသီဥတုပူပြင်းလာကာ တစ်ရက်တည်း ရာသီဥတုသုံးမျိုးကို အံ့သြဖွယ်ရာ တွေ့မြင်ရကြောင်း သိရှိရသည်။ (၁၂၉)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်တောင်ပိုင်းခရိုင် ၂၃၀ ကေဗွီ လှော်ကား ပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း၌ ၃၃ ကေဗွီ Out door Switch Bay ၁၇ ခု တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံမြောက်ဖျားမှ ကချင်ပြည်နယ်အား တစ်နိုင်ငံလုံးနှင့် ဆက်သွယ်ပေးမည့် ရေဝတီတံတား(စင်းခန်း)

ဧပြီလ ပထမပတ် သင်္ကြန်မတိုင်ခင်ရက်အတွင်းက ရေဝတီတံတား(စင်းခန်း)သို့ ရောက်ခဲ့သည်။ ရေဝတီတံတား(စင်းခန်း)သည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်း၌ တည်ဆောက်နေသော ရေဝတီမြစ်ကူးတံတားကြီးဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့✳**

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - ကျော်မိုးလွင်



ကချင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသတစ်ခုလုံး လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေမည့် ရေဝတီတံတား(စင်းခန်း) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တောင်တန်းကြီးများနောက်ခံဖြင့် ဤသို့ လှပစွာ တွေ့ရစဉ်။

သတင်းအညွှန်း

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူရှင်နှင့် ပြည်သူများက ငွေကျပ် ၁၃၁၄၉၇၃၀ ပေးအပ်

(သတင်း)စာမျက်နှာ ၃

မိုးဦးကာလနီးလာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မေလအတွင်း အချိန်မီ ဆက်တိုက် လေ့ကျင့်ဆောင်ရွက်ပေးသွားမည်

(သတင်း)စာမျက်နှာ ၇

ကယားပြည်နယ် ဒီမောဆိုမြို့နယ်၌ စာတတ်မြောက်သူဦးရေ ၆၆၇၉၉ ရှိပြီး စာမတတ်သူ ၂၃၆ ဦး ကျန်ရှိ

(သတင်း)စာမျက်နှာ ၁၂

ပေါင်းစည်းလယ်ယာ၌ ၂၀၀၉-၂၀၁၀ တွင် နွား၊ ကြက်၊ ဝက်၊ ဘဲ တို့ကို မွေးမြူထားပြီး ငါးမျိုးပေါက်ကောင်ရေ လေးသောင်း စိုက်ထည့်ခဲ့

(သတင်း)စာမျက်နှာ ၁၃

ကြေးမုံ The Mirror
၇-၅-၂၀၁၁
(စနေနေ့)

မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်ကူညီ

ကျန်းမာရေးမဏ္ဍိုင် တောင့်တင်းခိုင်မာရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး အသက်ရှည်ကျန်းမာစေရေး အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးအသိပညာပေးမှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နေသည်။

ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေး ဖော်ဆောင်ရာတွင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်သည်။ အမျိုးသမီးများ ကျန်းမာဖွံ့ဖြိုးရေးနှင့် ကိုယ်ဝန်ဆောင်မိခင် သေနှုန်းကျဆင်းရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ မိခင်တိုင်း ကျန်းမာသန်စွမ်း၍ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ခြင်းဖြင့် အနာဂတ်အတွက် ကျန်းမာသော မျိုးဆက်သစ်ကလေးများ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

မိခင်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကအားဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာမီးဖွားခြင်း၊ သားဆက်ခြားခြင်း၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေးခြင်းတို့ ပါဝင်သည်။ ကိုယ်ဝန်ဆောင်မိခင်တိုင်းက သိရှိဆောင်ရွက်သင့်သည်များကို ကြိုတင်စီစဉ်ထားရှိကြရမည်ဖြစ်သည်။

အမျိုးသမီးများ ကိုယ်ဝန်ရှိလာလျှင် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကိုယ်ဝန်အပ်နှံခြင်းသည် အရေးအကြီးဆုံးဖြစ်သည်။ ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမတို့ထံ ကိုယ်ဝန်သုံးလ၊ ခြောက်လ၊ ခုနစ်လခွဲ၊ ရှစ်လခွဲနှင့် ကိုးလတို့တွင် ပြသစစ်ဆေးမှု ခံယူရပေမည်။ မိခင်သွေးဆင်းခြင်း၊ ခြေလက်မျက်နှာဖောရောင်ခြင်း၊ တက်ခြင်း၊ အလွန်အမင်းအော့အန်ခြင်း၊ ကလေးတိုးနေရာမှ မတိုးဘဲရပ်သွားခြင်းတို့ဖြစ်ပါက ဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်းသွားရောက်ပြသ ကုသမှုခံယူရမည် ဖြစ်သည်။

ထို့အပြင် မွေးကင်းစကလေးငယ်များ ကျန်းမာရေးစောင့်ရှောက်ရာတွင် မွေးကင်းစကလေးကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ သိရှိနေရန်လည်း လိုအပ်သည်။ မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုကွန်ရက် ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မိခင်ကျန်းမာရေးကောင်းမှ ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်ထက်မြက်သည့် သားသမီးများ မွေးဖွားနိုင်မည်။ ကိုယ်ဝန်ဆောင်မိခင်တိုင်းက ကျန်းမာရေးအသိပညာများ လေ့လာမှတ်သား ဂရုပြုနေထိုင်ကြရပေမည်။ ကျန်းမာရေးဝန်ထမ်းများ၊ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက စေတနာ၊မေတ္တာ၊ အတွေ့အကြုံတို့ဖြင့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုးမြှင့်ဖြည့်ဆည်းကူညီသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ဦးဝင်းလှ-ဒေါ်သန္တာခိုင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေနှင့် ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပ

တောင်ငူ မေ ၆

တောင်ငူမြို့ မြို့မိမြို့ဖ စာချစ်သူများနှင့် ကာတွန်းဆရာများ ပူပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပထမနေ့ အစီအစဉ်အဖြစ် မေ ၅ ရက် ညက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဝင်းရုပ်ရှင်ရုံ၌ ကျင်းပရာ စာပေဝါသနာရှင်များ ရုံပြည့် လာရောက်ကြည့်ရှု အားပေးကြသည်။

ဟောပြောပွဲအခမ်းအနားတွင် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာဟိန်းလတ်က **အသိပညာနှင့် ထိန်းသိမ်းရမည့်ဒီကမ္ဘာ** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာမနုနုရည် (အင်းဝ)က **ကျွန်မဖတ်တဲ့စာ၊ ကျွန်မရေးတဲ့စာ** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး စာရေးဆရာများအား ဂုဏ်ပြုဆုများကို တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် တောင်ငူအထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာမြသောင်းတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။(၁၂၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❂ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❂ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Ruth Kahanoff နှင့် အဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသ ရေလုပ်ငန်းကဏ္ဍ မြှင့်တင်ရေး ဆွေးနွေး

ရန်ကုန် မေ ၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ကျေးလက်ဒေသတွင်နေထိုင်သော ရေလုပ်ငန်းလုပ်ကိုင်သူပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျေးလက်ရေလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးဆွေးနွေးပွဲကို မေ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်က လယ်ယာစိုက်ပျိုးရေးဒေသများရှိ မိရိုးဖလာ ငါးဖမ်းဆီးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ရန် အစီအစဉ်မူကြမ်းကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ရေလုပ်ငန်း အသိပညာရှင်၊ အတတ်ပညာရှင်များက ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။

(သတင်းစဉ်)

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး ကျေးလက်ရေလုပ်ငန်းကဏ္ဍမြှင့်တင်ရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၃၀ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၀၀ ၅။ Yan Can Cook
- ၁၂း၁၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၉)**
- ၁း၁၅ ၇။ "ရောင်စုံရေးသီတေးပန်းချီ"
- ၁း၂၀ ၈။ "သန့်ရှင်းသောစွမ်းအင်များ"
- ၁း၃၀ ၉။ "လှပခြင်း၏အဓိပ္ပာယ်" (အကယ်ဒမီ ဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ-ဦးခင်ဇော်)
- ၂း၁၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၂း၂၅ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၂း၃၅ ၁၂။ အဆိုပြိုင်ပွဲ
- ၂း၅၀ ၁၃။ International News
- ၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အတီးပြိုင်ပွဲ
- ၄း၃၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ "ရှင်သန်ခြင်း"
- ၅း၃၅ ၈။ ဂီတသံစဉ်အလှဆင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၈)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၁၁)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၃)**
- ၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၀။ အစီအစဉ်ပြီး၏။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Shandong Puli Construction Engineering Co.,Ltd. ဥက္ကဋ္ဌ Mr. Liu Jianye ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Shandong Puli Construction Engineering Co.,Ltd. ဥက္ကဋ္ဌ Mr. Liu Jianye ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းများ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ယင်းမြစ်ကြောင်းများတွင် အသုံးပြုမည့်ရေယာဉ်များ တည်ဆောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးရေးကိစ္စများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၆

အိန္ဒိယသမ္မတနိုင်ငံ Tamilnadu ပြည်နယ် Chennai မြို့၌ မေ ၆ ရက် မှ ၇ ရက် အထိ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာထွန်းလွင်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ဦးလှဝင်းတို့သည် ယမန်နေ့နံနက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် အတွင်းရေးမှူး(၂) ဦးဘသော်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဓာတုဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

၁၉၉၄ ခုနှစ် ဒီဇင်ဘာကျောင်းပြီး ရန်ကုန်တက္ကသိုလ် ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို မေ ၁၄ ရက်(စနေနေ့) ညနေ ၅ နာရီတွင် မင်းရဲကျော်စွာလမ်းနှင့် ဝါးတန်းလမ်းထောင့်ရှိ ပန်ဒါဟိုတယ် စားသောက်ဆိုင်ခန်းမ(A)၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ညီညီကျော် ဖုန်း-၀၉-၅၁၃၇၂၂၉၊ ဉာဏ်ထွန်း ဖုန်း-၀၉-၇၃၀၃၅၅၄၃၊ ဝင်းပပန္နယ် (ဖောင်ကြီး ပပ) ဖုန်း-၀၉-၇၃၀၇ ၅၉၇၅၊ ကြည်ကြည်အေး ဖုန်း-၀၉-၅၀၈၆၂၅၄၊ နိုင်နိုင်ဦး(RC-1) ဖုန်း-၀၉-၅၁၉၆၄၃၃၊ ၀၁-၅၀၄၅၈၃ နှင့် ဇော်ဝင်း ဖုန်း-၀၉-၇၃၀၀၈၂၂၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၆

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ မိုင်းလားမြို့နယ် ပြည်သူများ၏ လှူဒါန်းငွေကျပ် သိန်း ၄၀၀၊ လောက်ကိုင်ခရိုင် ပြည်သူများ၏ လှူဒါန်းငွေကျပ် သိန်း ၁၆၀၊ မူဆယ်ခရိုင် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၅၁ သိန်း ၊ အလှူရှင်များနှင့် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၃၁၄၉၇၃၀ တို့ကို ပေးအပ်ကြသည်။

ထို့နောက် ပြည့်သျှံပိုင်ကုမ္ပဏီက ငွေကျပ် ၈၄သိန်းတန်ဖိုးရှိ အဝတ်အထည် ပစ္စည်းများ၊ တောင်ကြီးခရိုင် ပြည်သူများက ငွေကျပ် ၄၇၀၁၅၀၀၊ လားရှိုးခရိုင် ပြည်သူများက ငွေကျပ် ၄၅သိန်း၊ ကျောက်မဲခရိုင်ပြည်သူများက ငွေကျပ် ၄၁၈၅၀၀၀၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၄၀၄၃၆၀၀၊ တောင်ကြီးမြို့နယ် ပြည်သူများက ငွေကျပ် ၃၄၅၀၀၀၀၊ မိုးမိတ်မြို့နယ်ရှိ ဆရာတော် ဦးကောဝိဒနှင့် ဆရာတော်နှစ်ပါးက ငွေကျပ် ၃၃၅၁၉၀၀၊ ကလောမြို့နယ် ပြည်သူများက ငွေကျပ် ၅၈၈၅၀၀၀၊ ညောင်ရွှေမြို့နယ် ပြည်သူများက ငွေကျပ် ၁၄၅၉၀၀၀၊ ကွမ်လုံခရိုင် ပြည်သူများက ငွေကျပ် ၁၃၃၇၀၀၀၊ လင်းခေးခရိုင် ပြည်သူများက ငွေကျပ် ၁၂ သိန်း၊ ညောင်ရွှေမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၂သိန်း၊ ပင်လောင်းမြို့နယ် ပြည်သူများက ငွေကျပ် ၉၅၂၅၀၀၊ ဦးစိုင်းဟတ် (မြရတနာအထည်ဆိုင်)က ငွေကျပ် ၈၂၄၅၀၀၊ လွိုင်လင်ခရိုင် ပြည်သူများက ငွေကျပ် ခုနစ်သိန်း၊ ဦးကြည်ရွှေ (ယစ်မျိုးဆိုင်များကိုယ်စား)က ငွေကျပ် ခြောက်သိန်း၊ တောင်လေးလုံး မြနဒီသီးနှံအခြောက်ခံစက်ရုံက ငွေကျပ် ငါးသိန်း၊ ကလောမြို့နယ် ရွှေမိတ်သတ္တုတူးဖော်ရေးလုပ်ငန်းက ငွေကျပ်ငါးသိန်း၊ တောင်ကြီးမြို့ တိုးနယားကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ တောင်ကြီးမြို့ ဟိုတယ်လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်း၊ ညောင်ရွှေဟော်ကုန်းရပ်နေ ဦးကိုကိုဦးက ငွေကျပ် နှစ်သိန်း၊ တောင်ကြီးမြို့နယ် တက်ချောင်ကုမ္ပဏီမှ ဦးသိန်းနိုင်က ငွေကျပ် နှစ်သိန်းနှင့် K and K ကုမ္ပဏီက ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံကြသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဆိုပါ လှူဒါန်းပွဲတွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေရရှိမှု စုစုပေါင်းမှာ အဝတ်အထည် ပစ္စည်း တန်ဖိုးငွေကျပ် ၉၂၂၄၅၀၀ အပါအဝင် စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၁၃၃၃၃၉၇၃၀ နှင့် ထိုင်းဘတ်ငွေ ၇၀ တို့ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ၂၃၀ ကေဗွီ လျှော်ကားပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း၌ ၃၃ကေဗွီ Out door Switch Bay ၁၇ ခု တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၃၅၀	၀. ၀၃၃၀၇၄၂
တရုတ် (ယွမ်)	၆. ၄၉၄၂၀	၀. ၁၅၃၉၈၄
အိန္ဒိယ (ရူပီး)	၄၄. ၇၁၇၂	၀. ၀၂၂၃၆၂၈
မလေးရှား (ရင်းဂစ်)	၃. ၀၀၆၀၀	၀. ၃၃၂၆၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၃၆၀	၀. ၈၁၀၆၃၆
ဂျပန် (ယန်း)	၈၀. ၈၅၈၉	၀. ၀၁၂၃၆၇၂
တောင်ကိုရီးယား(ဝမ်)	၁၀၈၅. ၅၆	၀. ၀၀၀၉၂၁၀၈၃
ယူရို	၀. ၆၈၉၉၂၂	၁. ၄၅၉၄၄
ဗြိတိသျှ (ပေါင်)	၀. ၆၀၉၂၀	၁. ၆၄၁၄၆

အင်တာနက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၁၁ (စနေနေ့)

AM & PM	
၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အိုသည့်ခန္ဓာကုသိုလ်ရှာ" တရားတော် (ချောင်းဦးဆရာတော်ဒေါက်တာ အရှင်ကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၄)**
၈း၄၅	Legendary Journey Live at Singapore (Part-5)
၉း၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀	Activities In The City (ပဉ္စမအကြိမ်မြောက် ထွန်းဖောင် ဒေးရှင်းစာပေဆုချီးမြှင့်ပွဲ)
၁၀း၃၀	သွားမယ်စားမယ် (Golden Sea Food)
၁၀း၅၅	ဒေဝဒဟာသဗ္ဗသိဒ္ဓိနတ်စင်တစ်ရာ ကျောင်းအမှူးပြုသော သန့်စင် အောင်ကုမ္ပဏီ၏ စတုဒိသာ အလှူမှသည်. . .
၁၁း၂၀	MNL Preview
၁၁း၄၅	ထူးချွန်သူများမွေးဖွားပေးရာ SDEC ပါ. . .
၁၂း၀၅	မွန်မြတ်အလှူစိတ်ကြည်ဖြူ သီတဂူဗြဟ္မာယုအာယုဒါနဆေးရုံ တော်၏ဆေးပဒေသာပင်အလှူ
၁၂း၂၀	သွန်းပြူဇော် ရှစ်သောင်းလေးထောင် အဘိနိမ္မိတဗုဒ္ဓရုပ်ပွားတော်အလှူတော်
၁၂း၄၅	နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ [(၁၉)ကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲ]
၁း၀၀	"အိုသည့်ခန္ဓာကုသိုလ်ရှာ" တရားတော် (ချောင်းဦးဆရာတော်ဒေါက်တာ အရှင်ကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Goals of The Week
၂း၅၀	ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ
၃း၁၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွန်း) (အပိုင်း-၂)
၃း၃၅	အစွမ်းထက်မြက်. . . မြန်မာ့ဆေးစွမ်းတစ်လက်
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၄)**
၅း၀၀	ဖက်ရှင်လမ်းညွှန် (EMO & GOTHIC FASHION)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၁၀)
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၇)**
၇း၁၀	Legendary Journey Live at Singapore (Part-6)
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League (West Ham Vs Blackburn)
၁၀း၂၅	Kid's Show
၁၀း၅၅	Barclays Premier League (Tottenham Vs Blackpool)
၁၂း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၅၅)**
၁း၄၅	လက်ဝယ်ရှိသော
၁း၅၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုး မွေးမြူရေးလုပ်ငန်း)
၂း၁၅	စေတနာအမှန်ဖြင့်. . .
၂း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့်တွေ့ဆုံခြင်း)
၂း၅၅	မြေကြီးကရွှေသီးဖို့ ရေထိန်း သဘာဝဂျယ်ကိုသုံးကြစို့
၃း၀၅	World of Knowledge (Future Train)
၃း၅၀	တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၄း၁၅	တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၃၅	ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
၄း၅၀	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ်မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Everton - Man City	ESPN (Live)
	West Ham - Blackburn	STAR SPORTS (Live)
၁၀း၅၅	Tottenham - Blackpool	ESPN (Live)
၁၁း၀၀	Bolton - Sunderland	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ဟာမိုအိုကာနျူခြာတ်အားပေးစက်ရုံပိတ်ရန် ဝန်ကြီးချုပ်အမိန့်ထုတ်ပြန် နှစ် ၃၀ အတွင်း ဂျပန်တွင် ငလျင်ပြင်းထန်စွာလှုပ်ဖွယ်

တိုကျို မေ ၆

မြေငလျင်လှုပ်ခြင်းကြောင့် ပြဿနာအသစ်များထပ်မံပေါ်ပေါက်လာမည်ကို စိုးရိမ်ပူပန်သည့်အတွက် လည်ပတ်နေသော အခြားနျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံအားရပ်ဆိုင်းရန် သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားကုမ္ပဏီသို့ ဂျပန်ဝန်ကြီးချုပ်က အမိန့်ထုတ်ပြန်လိုက်ကြောင်း သောကြာနေ့ အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အန္တရာယ်ကင်းစင်ရေးနည်းလမ်းများ ဆောင်ရွက်ထားခြင်း မပြုနိုင်သေးသည့် ကာလအထိ ဟာမိုအိုကာနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်ပေါင်းဖိုသုံးလုံးကို ပိတ်ထားရန် ဝန်ကြီးချုပ် နာအိုတိုခန်က ပြောကြားခဲ့သည်။

ငလျင်လှုပ်နိုင်

ယင်းစက်ရုံတည်ရှိရာနယ်မြေတွင် အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ခတ်ရန်ဖြစ်နိုင်ခြေမှာ အလွန်များပြားလျက်ရှိကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ချူဘူလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီက ကွပ်ကဲဆောင်ရွက်လျက်ရှိသည့် ဟာမိုအိုကာနျူကလီးယား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံတွင် ဓာတ်ပေါင်းဖိုငါးလုံးရှိသည့်အနက် နှစ်လုံးကိုရပ်ဆိုင်းထားရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း၊ တတိယတစ်လုံးကိုစစ်ဆေးနေဆဲဖြစ်ကြောင်း သောကြာနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်ခန်က ပြောကြားခဲ့သည်။

ယင်းစက်ရုံသည် တိုကျိုမြို့မှ တောင်ဘက်မိုင် ၁၂၀ အကွာ ရှီဇူအိုကာစီရင်စုအတွင်း၌ တည်ရှိသည်။ထိုစီရင်စုတွင် မြေငလျင်တစ်ခုလှုပ်ခတ်မည်ဖြစ်သည်ဟု ငလျင်တိုင်းတာရေးပညာရှင်များက ပြောကြားသည်။

လာမည့် နှစ် ၃၀ အတွင်း ဟာမိုအိုကာနျူကလီးယား စက်ရုံတည်ရှိရာဒေသတွင် ပြင်းအားမဂ္ဂနီကျူ ၈ ဒသမ သုညရှိသည့် ငလျင်တစ်ခုလှုပ်ဖွယ်ရှိသည်ဟု သိပ္ပံဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာအာဏာပိုင်များက ခန့်မှန်းထားကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ယင်းစက်ရုံ၏ အထူးအခြေအနေကို စဉ်းစားသုံးသပ်၍ အများပြည်သူ အန္တရာယ်ကင်းဝေးစေခြင်းငှာ အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က ရှင်းလင်းသည်။ ၎င်းဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်လာမည့် လျှပ်စစ်ဓာတ်အား လျော့ပါးသည့်ပြဿနာကို ဖြေရှင်းပေးနိုင်ရန် အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးချုပ်က အသိပေးသည်။

အင်တာနက်။

ဟာမိုအိုကာနျူကလီးယားဓာတ်အားပေးစက်ရုံ။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီးကို လာမည့်နှစ် အောက်တိုဘာလ၌ လွှဲပြောင်းပေးအပ်မည်

ဟောင်ကောင် မေ ၆

တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီးကို လာမည့်နှစ် အောက်တိုဘာလ၌ ယင်းနိုင်ငံ၏ ရေတပ်သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဟောင်ကောင်တွင် ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်က မေ ၆ရက်တွင် ရေးသားဖော်ပြသည်။

အောက်တိုဘာ ၁ရက်သည် တရုတ်နိုင်ငံ၏ အမျိုးသားနေ့ဖြစ်သဖြင့် ယင်းနေ့တွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီးကို တရုတ်ရေတပ်က စတင်အသုံးပြုမည်ဖြစ်သည်။

ပြင်ဆင်ဆဲ

တရုတ်ရေတပ်က လက်ခံရရှိမည့်နိုင်ငံ၏ လေယာဉ်တင်သင်္ဘောကြီးမှာ ဗာယက်ဟု အမည်ပေးထားပြီး ၂၀၀၂ခုနှစ်တွင် ယူကရိန်းနိုင်ငံမှ ဝယ်ယူခဲ့ကာ ယခုအချိန်အထိ မွမ်းမံပြင်ဆင်နေဆဲဖြစ်သည်။

တန်ချိန် ၆၇၀၀၀ ရှိ လေယာဉ်တင်သင်္ဘောကြီးကို တရုတ်ရေတပ်က လက်ခံရရှိခြင်းဖြင့် ယင်းနိုင်ငံသည် အာရှတိုက်တွင် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် လေယာဉ်တင်သင်္ဘောပိုင်ဆိုင်သည့် တတိယမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

စစ်တမ်းကောက်ယူ

ထိုစဉ်အတွင်းတရုတ်နိုင်ငံရှိထိပ်တန်းသတင်းစာတစ်စောင်ဖြစ်သော ဂလိုဘယ်လ်တိုင်းမ် သတင်းစာက လေယာဉ်တင်သင်္ဘောကြီးတစ်စင်းကို တရုတ်ရေတပ်က လက်ခံရရှိရန်ရှိခြင်းနှင့် ပတ်သက်၍ လူထုသဘောထားစစ်တမ်းတစ်ရပ် ကောက်ယူခဲ့သည်။

လူထုသဘောထားစစ်တမ်း၌ ပြည်သူ ၈၀ရာခိုင်နှုန်းက တရုတ်နိုင်ငံ လေယာဉ်တင်သင်္ဘော ပိုင်ဆိုင်မှုကို ထောက်ခံကြောင်း ဖော်ပြထားသည်။

လေယာဉ်တင်သင်္ဘောကြီးကို တရုတ်ရေတပ်က အသုံးပြုလာနိုင်ခြင်းဖြင့် နိုင်ငံတော်၏ ပင်လယ်ရေကြောင်းလုံခြုံရေး လုပ်ငန်းကို အထောက်အကူပေးမည်ဟု တရုတ်ပြည်သူများက ရှုမြင်ကြကြောင်း အဆိုပါသတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်။

အကြီးစားမွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေသော လေယာဉ်တင်သင်္ဘောကြီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားသို့ ဝင်ရောက်သည့် နိုင်ငံခြားသားများထံမှ လက်ဗွေရာများရယူ

ကွာလာလမ်ပူ မေ ၆

မလေးရှားနိုင်ငံသည် တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအား တားဆီးကာကွယ်နိုင်ရန် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားများ၏ လက်ဗွေရာများကို စတင်ရယူလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူတစ်ဦးက မေ ၆ရက်တွင် ပြောကြားသည်။ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်ကာ အလုပ်လုပ်ကိုင်သူဦးရေ နှစ်သန်းခန့်ရှိသည်။

မြို့တော် ကွာလာလမ်ပူလေဆိပ်အပါအဝင် နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သောနေရာများ၌ ပြည်ဝင်ဗီဇာအတုဖြင့် ဝင်ရောက်နိုင်ခြင်း မရှိစေရန် နိုင်ငံခြားသားများထံမှ လက်ညှိုးများ၏ လက်ဗွေရာများကို ရယူမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်ဟီဒီးက ပြောကြားသည်။ နိုင်ငံခြားသားများ၏ လက်ဗွေရာများအား ရယူသည့် ရှေ့ပြေးအစီအစဉ်ကို ဧပြီလနှောင်းပိုင်းမှ စတင်အကောင်အထည်ဖော်လျက်ရှိပြီး ဇွန် ၁ရက်မှစ၍ နိုင်ငံတစ်ဝန်းရှိ အဝင်ဂိတ်များအားလုံး၌ ယင်းအစီအစဉ်ကို တိုးချဲ့ကာကွယ်သွားမည်ဖြစ်သည်။

အင်တာနက်။

ရုရှားနျူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောပေါ်၌ ဓာတ်ရောင်ခြည်ယိုစိမ့်မှုဖြစ်ပေါ်

မော်စကို မေ ၆

ရုရှားနိုင်ငံမှ နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောတစ်စင်းပေါ်၌ ဓာတ်ရောက်ခြည်ယိုစိမ့်မှု ဖြစ်ပေါ်နေသည်ဟု သိရှိရပြီးနောက် ယင်းသင်္ဘောသည် နေရင်းပင်လယ်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာလာကြောင်း မေ ၆ရက် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

“တေမိုင်း”အမည်ရှိ ရေခဲခွဲသင်္ဘောသည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသအနောက်ပိုင်း ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ရှိ ယီနီဆေးပင်လယ်ကွေ့၌ ရေကြောင်းရှင်းလင်းသည့် လုပ်ငန်းကို လုပ်ကိုင်နေခဲ့သည်။

အဆိုပါရေခဲခွဲသင်္ဘောပေါ်ရှိ ဓာတ်ပေါင်းဖို၏ လေသန့်စင်သောစနစ်အတွင်း ဓာတ်ရောင်ခြည်ယိုစိမ့်မှုရှိနေသည်ကို တွေ့ရှိခဲ့ရကြောင်း ရုရှားနျူကလီးယားအေဂျင်စီအောက်ရှိ သင်္ဘောလုပ်ငန်းဌာနခွဲက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။ ဓာတ်ပေါင်းဖိုအခန်းအတွင်း ဓာတ်ရောင်ခြည်ယိုစိမ့်မှုရှိပါက သင်္ဘောကိုဒီဇယ်စွမ်းအင်အသုံးပြုကာ ဆက်လက်ခုတ်မောင်းနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

အစ္စရေးနိုင်ငံ တဲလ်အဗစ်ဆင်ခြေဖုံးရှိ ဘန်ဂူရီယန် နိုင်ငံတကာလေဆိပ် အဆောက်အအုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျက်လေယာဉ်လောင်စာဆီ မသန့်ရှင်းမှုကြောင့် အစ္စရေးလေယာဉ်ခရီးစဉ်များဆိုင်းငံ့

တဲလ်အဗစ် မေ ၆

အစ္စရေးနိုင်ငံ၏ အဓိကနိုင်ငံတကာလေဆိပ်တွင် ပြည်ပထွက်ခွာမည့် လေယာဉ်များ ဂျက်လေယာဉ် လောင်စာဆီ မသန့်သည့်ပြဿနာနှင့် တွေ့ကြုံနေရသဖြင့် လေယာဉ်ခရီးစဉ်များကို ရပ်နားထားရကြောင်း၊ ခရီးသည်များ သောင်တင်လျက်ရှိကြောင်း မေ ၆ရက်သတင်းတွင် ဖော်ပြသည်။

ဂျက်လေယာဉ်လောင်စာဆီ သန့်ရှင်းမှုမရှိပါက လေယာဉ်ပျက်ကျနိုင်ကြောင်း၊ လေယာဉ်အချို့ ပျံသန်းထွက်ခွာနိုင်ရန် အရေးပေါ်သုံးရန် သိုလှောင်ထားသောလေယာဉ်ဆီအနည်းငယ်ကို ထုတ်၍သုံးနေရကြောင်း၊ တဲလ်အဗစ်မြို့ ဆင်ခြေဖုံးတွင်ရှိသော ဘန်ဂူရီယန်လေဆိပ်မှထွက်ခွာမည့် ပြည်ပလေယာဉ် အနည်းငယ်အတွက် ဂျက်လေယာဉ်ဆီ ထောက်ပံ့ပေးခဲ့ကြောင်း ဂျေရုဆလင်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

ပျံသန်းထွက်ခွာသည့်လေယာဉ်များမှာ ခရီးရှည် မသွားနိုင်ဘဲ ခရီးတိုသာသွားနိုင်ကြောင်း၊ အခြားတစ်နိုင်ငံ၌ ခရီးတစ်ထောက်ရပ်နား၍ ဆီဖြည့်သည့်စနစ်ကို ကျင့်သုံးနေရကြောင်း၊ အစ္စရေးနှင့်အနီးဆုံး ဂျော်ဒန် သို့မဟုတ် ဆိုက်ပရပ်စ်နိုင်ငံတွင် လေယာဉ်ရပ်နားပြီး ဆီဖြည့်ကာ ခရီးပန်းတိုင်သို့ ဆက်လက်ထွက်ခွာနိုင်မည်ဖြစ်ကြောင်း လေဆိပ်မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

လေယာဉ်ခရီးစဉ်များအားလုံးကို မေ ၅ရက် မွန်းလွဲပိုင်းက စတင်ရပ်နားထားရကြောင်း၊ ဂျက်လေယာဉ် လောင်စာဆီ မသန့်ရှင်းမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးချိန်အထိ လေယာဉ်အများစုကို ရပ်နားထားမည်ဖြစ်ကြောင်း သတင်းတွင် ပါရှိသည်။

ဆိုက်ရောက်လာသော လေယာဉ်များအနေဖြင့် ဆီလုံလောက်စွာ ဖြည့်လာမှသာ အစ္စရေးနိုင်ငံမှ ဆက်လက်ပျံသန်းထွက်ခွာနိုင်မည်ဖြစ်ကြောင်း လေကြောင်းဌာနများသို့ အကြောင်းကြားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဆွဲငင်အားကြောင့် အာကာသနှင့် အချိန်ကွေးညွတ်ရကြောင်း အိုင်းစတိုင်း၏ အယူအဆမှန်ကန်မှု နာဆာသက်သေပြ

ဝါရှင်တန် မေ ၆

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂြိုဟ်တုအခြေစိုက် ရူပဗေဒသုတေသနစီမံကိန်းရလဒ်များအရ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်းဖော်ထုတ်ခဲ့သော ယေဘုယျနှိုင်းရသီအိုရီပါ အာကာသနှင့်အချိန်ဆိုင်ရာ ယူဆချက်များမှန်ကန်ကြောင်း သိပ္ပံပညာရှင်များက သက်သေပြနိုင်ခဲ့သည်။

နာဆာအဖွဲ့၏ ကမ္ဘာ့ဆွဲငင်အားလေ့လာရေးအာကာသယာဉ် (ဂျီပီ-ဘီ)၏ လေ့လာတွေ့ရှိချက်များအရ စကြဝဠာအတွင်းရှိ ဒြပ်ထုကြီးမားသော အရာဝတ္ထုများ၏ ဆွဲငင်အားကြောင့် အာကာသနှင့်အချိန်သည် ကွေးညွတ်ရကြောင်း နာဆာသိပ္ပံပညာရှင်များက ဧပြီ ၄ ရက်တွင် အတည်ပြုကြေညာနိုင်ခဲ့သည်။

သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ၎င်း၏စကြဝဠာဆိုင်ရာ အနုမာနမှန်းဆချက်များမှာ သက်ဝင်ရှင်သန်ဆဲ၊ မှန်ကန်ဆဲဖြစ်ကြောင်း ဂျီပီ-ဘီစီမံကိန်း၏

ဂျာမနီနိုင်ငံဖွား ဂျူးလူမျိုး ကမ္ဘာကျော်သီအိုရီရူပဗေဒပညာရှင်ကြီး အဲလ်ဘတ် အိုင်းစတိုင်း။

ခေါင်းဆောင်ဖြစ်သည့် စတန်းဖို့ဒ်တက္ကသိုလ်မှ ရူပဗေဒပညာရှင်ဖရန်စစ်အဲဗရက်က ချီးမွမ်းထောမနာပြုခဲ့သည်။

ဂျီပီ-ဘီရူပဗေဒသုတေသနစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် နာဆာအဖွဲ့သည် နှစ်ပေါင်းလေးဆယ်ကြာမျှ လုံးပန်းခဲ့ရပြီး ၂၀၀၄ ခုနှစ် ဧပြီလတွင် စီမံကိန်း၏အသက်သွေးကြောဖြစ်သော ကမ္ဘာ့ဆွဲငင်အားလေ့လာရေးအာကာသယာဉ်(ဂျီပီ-ဘီ)ကို ဒယ်လ်တာ-၂ ဒုံးပျံဖြင့် လွှတ်တင်နိုင်ခဲ့သည်။

ဂြိုဟ်တုအခြေစိုက် ကမ္ဘာ့ဆွဲငင်အားလေ့လာရေး အာကာသအစီအစဉ်သည် နာဆာအဖွဲ့၏ အချိန်ကာလအကြာမြင့်ဆုံး ရူပဗေဒဆိုင်ရာလေ့လာရေးသုတေသနလုပ်ငန်းအဖြစ် မှတ်ယူနိုင်သည်။

အဲလ်ဘတ်အိုင်းစတိုင်း၏ ယေဘုယျနှိုင်းရသီအိုရီအရ အာကာသနှင့်အချိန်သည် ဒြပ်ထုများ၏ ဆွဲငင်အားကြောင့် ကွေးညွတ်ရကြောင်းဆိုထားသည်။ ဂျာမနီဖွား ဂျူးလူမျိုး မဟာပညာကျော်၏ သီအိုရီထွက်ပေါ်ခဲ့သည့်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်ကဖြစ်ပြီး ယင်းသီအိုရီမှန်၊ မမှန်ကို စမ်းသပ်နိုင်ရန်အတွက် နည်းပညာမရှိသေးသည့် ကာလလည်း ဖြစ်သည်။

ပျားရည်အိုင်ထဲ၌ နစ်မြုပ်တည်ရှိနေသည့် ဒြပ်ထုအဖြစ် ကမ္ဘာမြေကြီးကို မြင်ယောင်ကြည့်ပါက ကမ္ဘာကြီးလည်နေသည်နှင့်အမျှ နံဘေးဝန်းကျင်ရှိ ပျားရည်များသည်လည်း ဝဲလှည့်လည်ပတ်နေမည်ဖြစ်ကြောင်း၊ အလားတူလည်ပတ်နေသော ကမ္ဘာကြီး၏ ဆွဲငင်အားသက်ရောက်မှုကြောင့် အာကာသနှင့် အချိန်သည်လည်း ကွေးညွတ်ပေးရကြောင်း ရူပဗေဒပညာရှင် အဲဗရက်က ဆိုသည်။

ဂျီပီ-ဘီအာကာသယာဉ်သည် ကမ္ဘာ့ဆွဲငင်အား အကျိုးသက်ရောက်မှု သို့မဟုတ် ဆွဲငင်အားရှိသော ဒြပ်ထုများဝန်းကျင်ရှိ အာကာသနှင့် အချိန်ကွေးညွတ်မှု၊ ယင်းအပြင်လည်ပတ်နေသောဒြပ်ထုကြောင့် အာကာသနှင့် အချိန်မည်မျှကွေးညွတ်ရသည်တို့ကို လေ့လာရန်အတွက် အဆင့်မြင့်နည်းပညာသုံး ဂျိုင်ရာစကုတ်လေးခုကို သယ်ဆောင်သွားသည်။

အကယ်၍ အိုင်းစတိုင်း၏သီအိုရီမမှန်ခဲ့ပါက ဂျိုင်ရာစကုတ်များသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရှိနေသမျှကာလပတ်လုံး ဦးတည်ရာတစ်ခုတည်းကိုသာ ညွှန်ပြနေမည်ဖြစ်သည်။

သို့ရာတွင် ကမ္ဘာမြေ၏ဆွဲငင်အား အကျိုးသက်ရောက်မှုကြောင့် ဂျိုင်ရာစကုတ်များ၏ အရပ်မျက်နှာညွှန်ပြမှုသည် အချိန်နှင့်အမျှ ပြောင်းလဲနေရာ အိုင်းစတိုင်း၏ ယေဘုယျနှိုင်းရသီအိုရီ မှန်ကန်ကြောင်း သက်သေပြခြင်းပင်ဖြစ်ကြောင်း နာဆာ အဖွဲ့က ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြသည်။

နာဆာအဖွဲ့သည် ၁၉၇၆ ခုနှစ်က ဂျီပီ-အေ အာကာသယာဉ်ကို လွှတ်တင်ခဲ့သည်။ ယင်းအာကာသယာဉ်၏ စူးစမ်းလေ့လာမှုများအရ ကမ္ဘာမြေပေါ်ရှိ နာရီများသည် အာကာသယာဉ်တစ်စင်းပေါ်တွင် တပ်ဆင်ထားသော နာရီထက် အချိန်အားဖြင့် ပိုမိုနှေးကွေးသည်ဟူသော အိုင်းစတိုင်း၏ ယေဘုယျ နှိုင်းရသီအိုရီ အယူအဆတစ်ရပ်ကို အတည်ပြုပေးနိုင်ခဲ့သည်။

အင်တာနက်။

ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းသစ် တရုတ်နှင့်ပူးတွဲဆောင်ရွက်ရန် ဗင်နီဇွဲလားအမျိုးသားလွှတ်တော်အတည်ပြု

ကရာကတ်စ် မေ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးတွဲလုပ်ဆောင်မည့် ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းတစ်ရပ်ကို မေ ၅ ရက်တွင် ဗင်နီဇွဲလားအမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည်။ အဆိုပါစီမံကိန်းသည် တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ နှစ်နိုင်ငံပူးတွဲလုပ်ဆောင်မည့် ဒုတိယမြောက်စီမံကိန်းလည်းဖြစ်သည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလားအမျိုးသားလွှတ်တော်က ခွင့်ပြုခဲ့သောအဆိုပါစီမံကိန်းကို ဗင်နီဇွဲလားနိုင်ငံ၏ နိုင်ငံတော်ပြန်တမ်းတွင် VRSS-1 ဟု ဖော်ပြထားရာ အဆိုပါစီမံကိန်းကို တရားဝင်အကောင်အထည်ဖော်မည့် လက္ခဏာလည်းဖြစ်သည်။ အဆိုပါပြန်တမ်းအရ စီမံကိန်းလုပ်ငန်းများကို ဗင်နီဇွဲလားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် အလယ်အလတ်စက်မှုလုပ်ငန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂရိတ်ဝေါလ်စက်မှုလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၈ ရက်တွင် ဗင်နီဇွဲလားနိုင်ငံ အမျိုးသားလွှတ်တော် ဥပဒေပြုအမတ်များမဲပေးအတည်ပြုခဲ့သော အဆိုပါစီမံကိန်း၏ နောက်ဆက်တွဲအချက်အလက်များတွင် VRSS-1 ဂြိုဟ်တု တည်ဆောက်ရေး၊ လွှတ်တင်ရေးနှင့် ချိတ်ဆက် ဆက်သွယ်နိုင်ရေးအပါအဝင် နည်းပညာပိုင်းဆိုင်ရာလေ့ကျင့်မှုများပေးရေးတို့လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် ဗင်နီဇွဲလားနိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးရန်ပုံငွေက အမေရိကန်ဒေါ်လာသန်း ၁၄၀ ထည့်ဝင်မည်ဖြစ်ပြီး ယင်းဂြိုဟ်တုလွှတ်တင်ပြီးသည့်အခါ ကမ္ဘာမြေလေ့လာရေးနှင့် ရုပ်ထွေးလှသောရာသီဥတု တည်ဆောက်မှုပုံစံများကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း **အောင်းမိုးစိုး**

ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် အထူးဆုရရှိမည့် အယ်လ်ပါချီနို

ယခုနှစ် ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် Glory to the Film-maker ဆုကို အမေရိကန်သရုပ်ဆောင်နှင့် ဒါရိုက်တာ အယ်လ်ပါချီနိုက လက်ခံရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာသည်။



ကိုယ်ပိုင်မူဖြင့် ခေတ်သစ်ရုပ်ရှင်လောကကို ဦးဆောင်နေသူ ဒါရိုက်တာ အယ်လ်ပါချီနို။

အဆိုပါဆုသည် ခေတ်သစ်ရုပ်ရှင်လောကတွင် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မူရှိသည့် ဒါရိုက်တာတစ်ဦးကို ရွေးချယ်ပေးသည့် ဆုဖြစ်သည်။

အသက်(၇၁)နှစ်ရှိပြီဖြစ်သည့် ပါချီနိုသည် ယင်းဆုကို သူ၏ဇာတ်ကားသစ် Wilde Salome ဇာတ်ကားဖြင့် ဗင်းနစ်ရုပ်ရှင်ပွဲတော်ကျင်းပမည့် စက်တင်ဘာ ၄ ရက်တွင် လက်ခံရရှိမည်ဖြစ်သည်။

အကောင်းဆုံး

အော်စကာဆုရမင်းသားကြီး ပါချီနိုသည် ယင်းဇာတ်ကားတွင် ကိုယ်ရောစိတ်ပါမြှုပ်နှံ၍ အကောင်းဆုံးဖြစ်အောင် ဖန်တီးရိုက်ကူးခဲ့သကဲ့သို့ အဆိုပါဇာတ်ကားမှ Herod ၏ ဇာတ်ရုပ်ကိုလည်း ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သည်။

အမည်စာရင်းတင်သွင်း

ပါချီနိုသည် ယခုတစ်ပတ်စောစောပိုင်းက သူပါဝင်သရုပ်ဆောင်ခဲ့သည့် ရှိတ်စပီးယား၏ ဗင်းနစ်မြို့မှ ကုန်သည်ကြီး ပြဇာတ်တွင်လည်း သူ၏ အခန်းကဏ္ဍအတွက် Tony ဆု ရွေးချယ်ပေးရန် အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

ရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူ မာကိုမူလာက ပါချီနိုသည် ထူးခြားဆန်းသစ်သည့်စိတ်ကူး၊ အတွေးအခေါ်နှင့် အတွေ့အကြုံရင့်ကျက်သည့် ဒါရိုက်တာတစ်ဦးအဖြစ် ခေတ်ပြိုင်ရုပ်ရှင်လောကကို ဦးဆောင်နေသူတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ယခုနှစ် ဗင်းနစ်ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အင်တာနက်။

Spider-Man ပြန်လာပြီ

ပင့်ကူလူသားအဖြစ် နာမည်ကျော် လူကြိုက်များခဲ့သည့် Spider-Man ဇာတ်ကားများတွင် စတန့်မင်းသားအဖြစ် ပါဝင်စတန့်ပြခဲ့သူ ပင့်ကူလူသားမှာ Broadway ပြတ်ဇာတ်ရုံ

တစ်ရုံတွင် ပြသသည့်စိတ်လှုပ်ရှားဖွယ် စတန့်ပြပွဲတစ်ခုအတွင်း ပေ ၃၀ ကျော်အမြင့်မှ ပြုတ်ကျခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ပြီးနောက် ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပင့်ကူလူသား၏စိတ်ဝင်စားဖွယ် စတန့်ပြကွက်များကို ပြန်လည် ရှုစားကြရတော့မည်ဖြစ်သည်။

ပင့်ကူလူသားအဖြစ်သရုပ်ဆောင်ခဲ့သည့် စတန့်မင်းသား ခရစ္စတိုဖာသီယာနီသည် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်က စတန့်ပြပွဲတစ်ခုတွင် မတော်တဆထိခိုက်မှုကြောင့် ခေါင်းပေါက်၊ နံရိုးလေးချောင်းကျိုး၍ ကျောရိုးဆစ်သုံးခု အဆစ်လွဲသွားခဲ့ရပြီးနောက် ကြာသပတေးနေ့က ပြန်လည်ပြသသည့် ပထမဦးဆုံး စတန့်ပြပွဲတွင် အောင်မြင်စွာ ပြသနိုင်ခဲ့သည်။

ရင်သပ်ရှုမော

ပြပွဲတာဝန်ရှိသူ ရစ်ခ်မီယာမွန်တီဇ်က သီယာနီသည် ပင့်ကူလူသား၏ ရန်ဘက်သဖွယ် တိုက်ခိုက်နေကြ စူပါဗီလိန် Green Goblin နှင့် တိုက်ခိုက်ရသည့် လေပေါ်ဝဲ စတန့်ပြကွက်မှာ ချောချောမောမောနှင့် ပြီးဆုံးသွားခဲ့ကြောင်း၊ ကြည့်ရှုသူပရိသတ်များအတွက် ရင်သပ်ရှုမောဖွယ်လှုပ်ရှားမှုများပင်ဖြစ်ကြောင်း ပြောကြားသည်။

The Edge တေးဂီတအဖွဲ့နှင့် တွဲဖက်ပြသမည့် စတန့်ပြပွဲတွင် လစ်လပ်လျက်ရှိသည့် Spider-Man စတန့်မင်းသား ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ အကြိုပြပွဲကို မေ ၁၂ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ပြီး တရားဝင်ပြပွဲကို ဇွန် ၁၄ ရက်တွင် ပြသမည်ဖြစ်သည်။

အင်တာနက်။

သီချင်းဆိုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ်ပါဝင်မည့် ချာရေလ်ကိုးလ်

ဗြိတိသျှပေါ့ပ်ကြယ်ပွင့် ချာရေလ်ကိုးလ်သည် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် The X Factor သီချင်းဆိုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူ ဆိုင်မွန်းကိုဝဲလ်က အတည်ပြုပြောကြားသည်။

ဗြိတိသျှပေါ့ပ်ကြယ်ပွင့် ချာရေလ်ကိုးလ်။

ပေါ့ဂီတအဖွဲ့ဝင်ဖြစ်

အသက်(၂၇)နှစ်ရှိပြီဖြစ်သည့် ချာရေလ်ကိုးလ်သည် Girls Aloud ပေါ့ဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဗြိတိန်တွင် ကျင်းပသည့် The X Factor သီချင်းဆိုပြိုင်ပွဲများတွင်လည်း ပါဝင်ခဲ့ဖူးသူတစ်ဦးဖြစ်သည်။

"အမေရိကန်မှာကျင်းပမယ့် ဒီသီချင်းဆိုပြိုင်ပွဲမှာ ပါဝင်ခဲ့ရတဲ့အတွက် ကျွန်မစိတ်လှုပ်ရှားမိပါတယ်"ဟု ချာရေလ်ကိုးလ်က ပြောကြားသည်။

ထူးထူးခြားခြား

"ကျွန်တော် ချာရေလ်ကိုးလ်အတွက် ဝမ်းသာပါတယ်။ သူဟာ ဒီပြိုင်ပွဲအတွက် အတော်လေးကို စိတ်လှုပ်ရှားနေသလို ပြိုင်ပွဲဟာလည်း ထူးထူးခြားခြားလေးဖြစ်သွားမှာပါ" ဟု ဆိုင်မွန်းကိုဝဲလ်က ဆက်လက်ပြောကြားသည်။

အင်တာနက်။

ယခင်ဖောင်ပယ်ဖျက်၍ ယခုဖောင်အတည်ပြုပေးပါရန်

ခွေးရူးရောဂါ ကြောက်စရာ (၂)

ဒေါက်တာ
ခင်ရွှေ

ရောဂါဖြစ်ပြီဟုဆိုလျှင် ရာနှုန်းပြည့်ကုသ၍မရသောရောဂါကို “သင်” သိပါသလားဟုမေးလာလျှင် လူတိုင်းက ခွေးရူးရောဂါဟု ဖြေချင်မှဖြေမည်။ သို့သော် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ ဆွေမျိုးသားချင်း၊ သူငယ်ချင်းတစ်ဦးဦးက ခွေးရူးရောဂါကြောင့် ဆုံးပါးသွားကြသည့်အခါတွင်တော့ အထက်ပါမေးခွန်း၏အဖြေကို သိရှိသွားကြသည်။ သို့သော် အချိန်တော့ နောက်ကျသွားခဲ့ပြီဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သလို ခွေးရူးရောဂါကား ကြောက်စရာကောင်းလှသည်။ သနားစရာလည်းကောင်းသည်။ ခွေးရူးရောဂါဖြစ်ပြီဟုဆိုလျှင် ခွေးကဲ့သို့ အော်ဟစ်ခြင်း၊ တံတွေးများကျကာ ရေမသောက်နိုင်ဘဲ ဝေဒနာကို အပြင်းအထန်ခံစားပြီး အသက်ရှုကျပ်ကာ သေဆုံးကြရသည်။ အသက်မသေဆုံးခင် အချိန်လေးတွင်လည်း အချို့လူနာများမှာ အခန်းထဲတွင် လှောင်ပိတ်၍ထားကြရသဖြင့် လူနာမှာ လူးလူးလိမ့်လိမ့် ခံစားနေရသည်များကို တွေ့ရသည့်အခါ သနားစရာကောင်းလှသည်။ ထို့ကြောင့် ခွေးရူးရောဂါသည် လူသားများအတွက် **အလွန့်အလွန်** ကြောက်စရာကောင်းသော ရောဂါဆိုးတစ်မျိုးဖြစ်သည်။

“အများက လက်ပံပွင့်ချိန် ခွေးရူးချိန်” ဟု ဆိုတတ်ကြသော်လည်း လက်ပံပွင့်မှ ခွေးရူးသည်မဟုတ်။ ခွေးရူးကိုက်ခံရပါက မည်သည့်အချိန်တွင်မဆို ခွေးရူးရောဂါဖြစ်ပွားနိုင်ကြောင်း သိရှိထားရန်လိုသည်။ အထူးသဖြင့် ခွေးများမျိုးပွားသည့်ရာသီများတွင်လည်းကောင်း၊ ခွေးသားပေါက်ပြီးသည့်နောက်တွင်လည်းကောင်း ခွေးကိုက်ခံရနှုန်းမြင့်မားသည်ကို တွေ့ရှိရသည်။

ခွေးရူးရောဂါအကြောင်းနှင့် ပတ်သက်၍ **“ခွေးရူးရောဂါ ကြောက်စရာ”** ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ခွေးရူးရောဂါနှင့် ပတ်သက်၍ ကလေးသူငယ်၊ လူငယ်၊ လူလတ်များတွင် ခွေးကိုက်ခံရပြီး အသက်မသေသင့်ဘဲ သေဆုံးနိုင်သည့်အရေးကို တွေ့ကြုံခဲ့ရသဖြင့် ထပ်မံအသိပေးရခြင်းဖြစ်သည်။

ရန်ကုန်မှ မိသားစုတစ်စုတွင်ဖြစ်သည်။ မိခင်၊ ဖခင်နှင့် သားတစ်ယောက်၊ သမီးနှစ်ယောက်ရှိပြီး သားဖြစ်သူမှာ အခြေခံပညာအထက်တန်းကျောင်းသားဖြစ်သည်။ တစ်နေ့တွင် ကျောင်းသို့သွားပြီး ပြန်အလာတွင် ခြေထောက်ကိုပွတ်သပ်နေသဖြင့် မိခင်ဖြစ်သူက “သားဘာဖြစ်လာတာလဲ” ဟု မေးပါသည်။ “ဘာမှမဟုတ်ပါဘူး အမေ” ဟု သားက မျက်နှာမလုံမလဲနှင့်ဖြေသည်။ မိခင်က သားဖြစ်သူ၏ ခြေထောက်ကို ကြည့်သော်လည်း ဒဏ်ရာကြီးကြီးမားမား မတွေ့ရသဖြင့် ဘာမှဆက်မမေးတော့။ သို့သော် ညီအစ်မများကိုတော့ မိခင်ကွယ်ရာတွင် ခွေးအဟပ်ခံရတာဟု ပြောလာသည်။ ထိုအခါကျမှ မိခင်က သားဖြစ်သူ ခွေးအဟပ်ခံရမှန်းသိပြီး သေသေချာချာ မေးမြန်းပါတော့သည်။

ဖြစ်ပုံကသည်လို။ မိခင်ဖြစ်သူက သားဖြစ်သူ ကျောင်းတက်နောက်မကျစေရန် မိနစ် ၂၀ ခန့်ကြိုပြီး သတိပေးသည်။ သို့သော် သားက ရုပ်ရှင်ဇာတ်လမ်းကောင်းနေသဖြင့် အချိန်ကို ဂရုမပြုမိ။ မိခင်က ထပ်မံ သတိပေးတော့မှ နာရီကြည့်လိုက်တော့ ကျောင်းတက်ခါနီးပြီ။ ထို့ကြောင့် ကျောင်းသို့ အပြေးအလွှားသွားရသည်။ ထိုအခါ လမ်းတွင်တွေ့သော ခွေးက ဟပ်လိုက်ခြင်းဖြစ်သည်။ သို့သော် ခွေးအဟပ်ခံရသည်ကို မိဘများအား ပြန်မပြောရဲ။ ပြန်ပြောခဲ့လျှင် ကျောင်းနောက်ကျ၍ ပြေးလွှားသွားသဖြင့် ခွေးအဟပ်ခံရမှန်း သိသွားလျှင် အပြစ်ပြောခံရမှာ၊ အရိုက်ခံရမှာကို စိုးရိမ်သည်။

မိခင်က သား ခွေးဟပ်ခံရတာဟုတ်သလားဟု မေးသောအခါ ဟုတ်သလိုလို၊ မဟုတ်ဘူးလိုလိုနှင့် ဖြေသည်။ ထို့ကြောင့် ဖခင်ဖြစ်သူက **“မင်းကို ရှေ့ကဟပ်တာလား၊ နောက်ကဟပ်တာလား”**ဟု မေးမြန်းသည့်အခါကျမှ ရှေ့ကနေဟပ်တာဟု ဖြေသည်။ ခြေထောက်မှ ဒဏ်ရာကို ကြည့်လိုက်သောအခါ ခြေထောက်၏ ရှေ့ဘက်တွင် ခွေး၏ သွားခြစ်ရာကို တွေ့ရသည်။ ခြေသလုံးဘက်မှမဟုတ်။ ထိုအချိန်မှ ခွေးအဟပ်ခံရသည်မှာ မှန်ကြောင်း ကောက်ချက်ချနိုင်ခဲ့သည်။

ထိုအခါကျမှ သားဖြစ်သူအား ဖခင်က ခွေးရူးရောဂါ၏ ကြောက်စရာကောင်းပုံအကြောင်းကို ရှင်းပြသည်။ ခွေးရူးရောဂါသည် ရောဂါလက္ခဏာများ ချက်ချင်းမပြဘဲ ရောဂါလက္ခဏာများပြပြီဆိုပါကလည်း ဆေးကုသ၍ မရတော့ဘဲ ရောဂါ၏ဝေဒနာကို အပြင်းအထန်ခံစားရင်း သေဆုံးကြရကြောင်း၊ ထို့ကြောင့် ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံထားနိုင်ရန်အတွက် မိဘများကို မလိမ်မညာဘဲ အမှန်အတိုင်း ခွေးအဟပ်ခံရခြင်းဟုတ်၊ မဟုတ်ပြောရန်လိုကြောင်း ပြောပြသည့်အခါကျတော့မှ ခွေးအဟပ်ခံလိုက်ရကြောင်း သိလိုက်ရသည်။

ခွေးအဟပ်ခံရသည့် ဒဏ်ရာကိုကြည့်လိုက်သောအခါ ဒဏ်ရာက အကြီးကြီးမဟုတ်သော်လည်း ခွေးအဟပ်ခံရသည့် ဒဏ်ရာကို တွေ့ရသည်။ ခွေးအဟပ်ခံရပြီး ဒဏ်ရာကို ချက်ချင်း ရေများများဖြင့် ဆေးသလားဟု မေးသောအခါ လမ်းတွင်မို့ မပြုလုပ်နိုင်ခဲ့။ ဟပ်လိုက်သော ခွေးကိုသိသလားဟု မေးသောအခါတွင်လည်း မည်သည့်နေရာကခွေးမှန်း မသိရသဖြင့် ခွေးရူး၊ မရူးကို စောင့်ကြည့်ရန်ကလည်း မဖြစ်နိုင်သဖြင့် နောက်ဆုံးတွင် ခွေးရူးရောဂါကာကွယ်ဆေးကို ထိုးနှံရန် ဆုံးဖြတ်ခဲ့ကြသည်။

(အကယ်၍များ ကျန်ညီအစ်မများကမပြော၍ သားဖြစ်သူ ခွေးအဟပ်ခံရမှန်း မသိခဲ့ပါက ဟပ်လိုက်သောခွေးသည် ခွေးရူးဖြစ်နေခဲ့မည်ဆိုပါက အဆိုပါမိသားစုအတွက် ဖြစ်ပေါ်လာမည့် အကျိုးရလဒ်အား တွေးကြည့်ရုံမျှပင် ကြောက်လန့်စရာကောင်းလှသည်။)

ဤဖြစ်စဉ်ကို လေ့လာသုံးသပ်ကြည့်လျှင် အလယ်တန်း၊ အထက်တန်းကျောင်းသားအရွယ် ကလေးများသည် တက်သစ်စ နုပျိုတက်ကြွသော လူငယ်လေးများဖြစ်သဖြင့် မည်သည့်နေရာတွင်မဆို သွက်သွက်လက်လက် သွားလာလှုပ်ရှားတတ်ကြသည်။ မိဘများ၏ ပြောဆိုဆုံးမစကားကို နားထောင်ချင်သည့်အခါ နားထောင်ပြီး နားမထောင်ချင်သည့်အခါတွင် နားမထောင်တတ်ကြဘဲ မိဘများက မိမိတို့အတွက် ပြောဆိုဆုံးမစကားများကိုလည်း မနာယူတတ်ကြသေး။ ယခုကဲ့သို့ ခွေးအဟပ်ခံရသော အခြေအနေမျိုးတွင် မိဘများ၏ အပြစ်ပြောခံရမည်ကို ကြောက်ရွံ့၍သော်လည်းကောင်း၊ ခွေးရူးရောဂါဖြစ်လျှင် (ခွေးရူးကိုက်ခံရလျှင်) သေဆုံးတတ်ကြောင်းကိုလည်းကောင်း မသိနားမလည်ကြသဖြင့် ခွေးကိုက်/ဟပ်ခံရသည့်အခါ မိဘများအား အသိမပေးဘဲ မိမိဘာသာကျိတ်မှိတ်ပြီး ဆေးလိမ်းကာ သုံးလေးရက်ခန့်အကြာ အနာကျက်သွားလျှင် ဒဏ်ရာပျောက်သွားပြီဟုထင်ကာ ပေါ့ပေါ့ဆဆ နေတတ်ကြသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ခွေးရူးရောဂါဖြစ်ပေါ်လာပြီး အသက်ဆုံးရှုံးကြရသည်လည်း ကြားသိခဲ့ရဖူးသည်။ ဤသည်ကား ခွေးရူးရောဂါဆိုးကြောင့် တိုင်းပြည်၏ အနာဂတ်သားကောင်းရတနာများ မဖြစ်သင့် မဖြစ်ထိုက်ဘဲ ဆုံးပါးသွားရမည်ကို စာရေးသူစိုးရိမ်သည့် အဓိကအကြောင်းရင်းပင် ဖြစ်သည်။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကြောက်စရာခွေးရူးရောဂါအန္တရာယ်ဆိုးမှ ကင်းလွတ်ကြရန်အတွက် ခွေးကိုက်ခံရခြင်း၊ ခွေးဟပ်ခံရခြင်းတို့ဖြစ်လာပါက ထိမ်ချန်မထားဘဲ မိမိတို့အား မှန်မှန်ကန်ကန် အသိပေးရန်နှင့် ခွေးရူးရောဂါဖြစ်ပေါ်လာပါက အနာသိသော်လည်း ကုစရာဆေးမရှိဘဲ အသက်အန္တရာယ်ဆုံးရှုံးနိုင်ကြောင်း ကြိုတင်အသိပေးထားနိုင်ရန်အတွက် ထပ်မံအသိပေးလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ဘော့ဘောကြယ်ပွင့်များ (အပိုင်း-၁)
၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -သံယောဇဉ် (မြင့်မြတ်၊ မို့မို့မြင့်အောင်၊ စန္ဒီမြင့်လွင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-နေပိုင်)**
၁း၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၆၄)**

ညပိုင်း

၄း၀၇ ၁။ နိုင်ငံတော်သီချင်း
၄း၁၃ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃ ၅။ မြန်မာသံစဉ်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၄၀ ၇။ ချစ်သူစုံတွဲတူယှဉ်ရွှဲ
၄း၅၀ ၈။ ကုန်သွယ်သုတ
၄း၅၅ ၉။ အားလုံးရဲ့တာဝန်
၅း၁၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၄။ လှုပ်တစ်ပြက်
၆း၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၆။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၅)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူ့ရွှင်တော်စတား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၂)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၅၀)**
၂၇။ သင့်အတွက်မနက်ဖြန်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက်ရွာမည်

နေပြည်တော် မေ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ မအူပင်မြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၃ ဒသမ ၇၂ လက်မ၊ အမရပူရမြို့တွင် ၃ ဒသမ ၆၄ လက်မ၊ မတ္တရာမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၅၁ လက်မ၊ ရွှေစာရံမြို့တွင် ၂ ဒသမ ၄၅ လက်မ၊ ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့တို့တွင် ၂ ဒသမ ၂၀ လက်မစီ၊ စစ်ကိုင်းမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၇၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မိုးကြိုးပစ်ခံရသည့်သစ်ကိုင်း လျှပ်စစ်ဓာတ်အားလိုင်းအား အဖျားခတ်မိ၍ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၆

မိုးကြိုးပစ်ခံရသည့် သစ်ပင်မှ သစ်ကိုင်းကျိုးကျကာ လျှပ်စစ်ဓာတ်အားလိုင်းကို အဖျားခတ်မိသဖြင့် မီးလောင်မှုတစ်ခု ယမန်နေ့က လှိုင်မြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းနေချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း (လှိုင်မြစ်လမ်းနှင့် အိုဝမ်းကားမှတ်တိုင်နှစ်ခုကြား)အေးရိပ်မွန် အိမ်ရာရှေ့ရှိ ပိတောက်ပင်အား မိုးကြိုးထိမှန်ပြီး သစ်ပင်မှာနှစ်ခြမ်းကွဲ၍ သစ်ကိုင်းကျိုးကျသဖြင့် ၆၆ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းအား အဖျားခတ်မိကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်သည့် သစ်ကိုင်းအား လှိုင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်က မီးငြိမ်းသတ်ခဲ့ရသည်။ ထိုသို့ဖြစ်ပွားချိန်တွင် လှိုင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးရုံးမှ လျှပ်စစ်ဓာတ်အားခေတ္တဖြတ်တောက်ပြီး သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းကာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပုံမှန်အတိုင်း လျှပ်စစ်ဓာတ်အားပြန်လည်ပို့လွှတ်ပေးခဲ့သည်။ ယင်းသို့ ဖြစ်ပွားခဲ့သဖြင့် လျှပ်စစ်ဓာတ်အားလိုင်းမှာ တစ်စုံတစ်ရာထိခိုက်ပျက်စီးမှုမရှိကြောင်း သက်ဆိုင်ရာမှသိရှိရသည်။

(သတင်းစဉ်)

ပုဂံအမြန်ရထားနှစ်တွဲ လမ်းချော်၊ ထိခိုက်ဒဏ်ရာရမှုမရှိ

နွားထိုးကြီး မေ ၆

မန္တလေးမှ ပုဂံသို့ ထွက်ခွာလာသော ပုဂံအမြန်အစုန်ရထား ဒီဒီ(၉၆၄) သည် နွားထိုးကြီးမြို့နယ် ဒေါင်းဦးနှင့် ငှက်ပျောအိုင်ဘူတာကြား မိုင်တိုင်(၁၉၉/ ၈-၇)၌ ယနေ့ နံနက် ၂ နာရီ ၂၇ မိနစ်ခန့်က လမ်းချော်မှု ဖြစ်ပွားခဲ့သည်။

စက်ခေါင်းနှင့်ခရီးသည်တင် နှစ်တွဲ လမ်းချော်ရာ ခရီးသည်နှင့် ဝန်ထမ်း များ ထိခိုက်မှုမရှိဟု သိရသည်။ မီးရထားတိုင်း (၃) မန္တလေးအစီအစဉ်နှင့် ပြင်ဆင်နေပြီး ခရီးသည်များအား ပုဂံလော်ကယ်၊ မြို့သာ အာဗွိအီးရထားများနှင့် ခရီးစဉ်ပြောင်းပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပုဂံအမြန်ရထားတွင် တွဲ ရှစ်တွဲပါကြောင်း သိရသည်။

(၉၅)

ဟိုတယ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၆

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပုဂံမြို့တို့၌ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co., Ltd. ဥက္ကဋ္ဌ Mr. Liu Jianye သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

(၉)ကြိမ်မြောက် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် မေ ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပသော (၉)ကြိမ်မြောက် နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်နီလာသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ နာယကအဖြစ် ကိုရီးယားသမ္မတနိုင်ငံ Pukyong National University မှ Prof. Dr. Man Gon Park က ဆောင်ရွက်ပြီး ဂျပန်နိုင်ငံ Waseda University မှ Prof. Dr.Mitsuji Matsumoto က "Evolution for Next Generation Ultra High Speed Network by Optical Wireless Communication Links" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ Prof. Dr.Yoshiyori Urano က "Support for Social Participation by Seniors Through the Use of ICT" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် Waseda University နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို သက်ဆိုင်ရာခန်းမများ၌ ဆက်လက်ကျင်းပကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကွန်ပျူတာပါရဂူဘွဲ့ကျမ်းများမှ သုတေသနစာတမ်းပေါင်း ၅၀ ကို တင်သွင်းဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ကိုရီးယားသမ္မတနိုင်ငံ Korea Aerospace မှ Prof. Dr. Jong Sou Park က "e-Government Master Plan: Experience and Korean Framework" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ မလေးရှားနိုင်ငံ Principal Consultant CORE Consultancy & Enterprise Research Malaysia မှ Dr.Admad Azlan က "Virtual Reality and Simulations: An Art or A Science" ခေါင်းစဉ်ဖြင့်စာတမ်းကိုလည်းကောင်း ဖတ်ကြားကြမည်ဖြစ်သည်။ (သတင်းစဉ်)

အချိန်မရွေး သဘာဝဘေးအန္တရာယ်ကျရောက်နိုင်၍ သဘာဝဘေး တားဆီးကာကွယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်

နေပြည်တော် မေ ၆

စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုလယ်ယာအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စပါးအထွက်နှုန်းကောင်းအောင် လိုအပ်သောနည်းပညာနှင့် သွင်းအားစုကိုလည်း လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် အချိန်မရွေး သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သောဒေသဖြစ်၍ မိုးဦးကာလနီးလာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မေလအတွင်း အချိန်မီ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က မေ ၄ ရက် နံနက် ၈ နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ်ဆန်စပါးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ မှာကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ မြို့နယ်ဆန်စပါးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဆန်စပါး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းရွှေက ပုဏ္ဏားကျွန်းမြို့နယ် ဆန်စပါး ပိုမိုဖြစ်ထွန်းသည်နှင့်အညီ အရည်အသွေးကောင်းမွန်သည့် ဈေးကွက်ဝင်ဆန်များ ကြိတ်ခွဲထုတ်လုပ်ရန် ခေတ်မီဆန်စက်များ တည်ဆောက်သွားသင့်ပါကြောင်းတို့ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် လူနာများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးလုပ်ငန်း ဓာတ်အားပေးစက်နှင့် ရွာဟောင်းရပ်ကွက်ရှိ မီးသတ်စခန်းဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စံမတီချောင်းအနီးရှိ ပုဏ္ဏားကျွန်း-ရသေ့တောင် ကားလမ်းဖောက်လုပ်ရေးစီမံကိန်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပိုင်း မိုင်တိုင်အမှတ် (၂/၄)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၀)က ဆောင်ရွက်နေသည့် အရှည်ပေ ၄၈၀ ၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်ရက်မ-သံကူကွန်ကရစ်ကြမ်းခင်း နှစ်လမ်းသွားအမျိုးအစား တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

(ယမန်နေ့မှအဆက်)

စိတ်ကုန်လူပန်းခြင်း(BURNOUT)

စိတ်ကုန်လူပန်းဖျောက်၍ နေ့စဉ်စိတ်အနေနှင့် ပေါင်းသင်းဆက်ဆံရေး ထက်မြက်မှုရှိလာစေရန် အောက်ပါနည်းလမ်းများဖြင့် လေ့ကျင့်ပျိုးထောင်နိုင်သည်-

- *စိတ်ကုန်လူပန်းခြင်းကြောင့် ကြာလျှင် ရောဂါရနိုင်သဖြင့် ရောဂါတစ်စုံတစ်ရာ ရှိ၊ မရှိ စစ်ဆေးသင့်သည်။ ကိုယ့်ကျန်းမာရေးကို ကိုယ့်ဘာသာ စောင့်ရှောက်နေသည်ဟူသောအတွေးကို ရလျှင်လည်း ကိုယ့်စိတ်ကို ကောင်းစွာ ဆောက်တည်နိုင်မည်ဖြစ်သည်။*
- *ပုံမှန်ကျန်းမာရေးလေ့ကျင့်မှုသည် စိတ်ကျဉ်းကျပ်ဖိစီးမှုကို လျော့ပါးစေသည်။ ထို့ပြင် ရောဂါမဖြစ်စေရန် ခုခံအားတိုးနိုင်သည်။ သွေးပေါင်ချိန် မြင့်တက်နေသူကို လျော့ကျစေနိုင်သည်။ သွေးထဲမှ ကိုလက်စထရောဓာတ်ကို ပုံမှန်ရှိစေပြီး ကိုယ်အလေးချိန်ကိုပါ ထိန်းထားစေနိုင်သည်။ ဤသို့ဖြင့် စိတ်ကျရောဂါ မဖြစ်စေရန် ထောက်ကူသည်။ စိတ်ကုန်လူပန်း ဖြစ်နေသူများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်နှင့် တစ်ကြိမ်လျှင် မိနစ် ၃၀ မှ တစ်နာရီခန့်အထိ လေ့ကျင့်ခန်းပြုလုပ်လျှင် အကောင်းဆုံးဖြစ်သည်။*
- *ပြင်ပအကြောင်းများကြောင့် စိတ်ဖိစီးမှုကို ကိုယ်ကမတားသော်လည်း ကိုယ်စားသော အစားအသောက်များအတွက် ကိုယ့်ဘာသာ ထိန်းသိမ်း ကျင့်ကြံနိုင်သည်။ အဆီနည်းနည်း၊ အမျှင်များများပါသည့် အစာတို့ကို စားပါ။ မှန်ကန်သင့်မြတ်စွာ စားခြင်းဖြင့် တင်းတိမ်မှုရရှိကာ ကိုယ့်စိတ်ကို ကိုယ်နိုင်လာမည်။ ကိုယ်အလေးချိန်ကို ထိန်းပြီးသားဖြစ်မည်။*
- *တစ်နေ့တာ ကြောင့်ကြရသမျှနှင့် မပြီးပြတ်သော အလုပ်များကို ခဏဘေးချိတ်ထားပြီး အိပ်ရေးဝအောင် အိပ်လိုက်ပါ။ နောက်တစ်နေ့မှ ပြီးပြတ်အောင် စီမံမည်ဟု သဘောထားလိုက်ပါ။ အိပ်ပျော်နိုင်ရန် နှစ်သက်ကြည်ရွှင်ဖွယ် အဖြစ်အပျက်များ၊ ရှုခင်းများကို မြင်ကြည့်ပါ။ အိပ်ရာမဝင်မီ တစ်နာရီခန့်အလိုတွင် အရက်၊ ဆေးလိပ် စသည်တို့ကို မမှီဝဲသင့်။ မအိပ်မီ ကျန်းမာရေးလေ့ကျင့်မှု ပြုလုပ်ခြင်းသည် ကောင်း၏။*
- *ကိုယ့်ကိုယ်ကိုယ် စီမံထိန်းသိမ်းနိုင်သူဖြစ်ရန်မှာ နေ့စဉ် စိတ်အေးလက်အေး တွေးတောဆင်ခြင်တတ်ဖို့လိုသည်။ စိတ်လက်ပြေရာပြေကြောင်း ကိစ္စများသည် ကျန်းမာရေးကို အထောက်အကူပြု၍ ရောဂါပျောက်ကင်းနိုင်သည်။ မိမိဘာသာ စိတ်ချယုံကြည်မှု တိုးပွားနိုင်သည်။ ထိုကိစ္စများတွင် ဘုရားရှိခိုးခြင်း၊ တရားမှတ်ခြင်း၊ ယောဂလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တိုက်ချီ (Tai Chi) ခေါ် ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ ဒိုင်ယာရီရေးခြင်းနှင့် စိတ်လေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့ ဖြစ်သည်။ စိတ်ကုထုံးခံယူခြင်းနှင့် လုပ်ငန်းခွင်တိုးတက်မှု သင်တန်းတက်ခြင်းတို့သည်လည်း စိတ်ဓာတ်ခိုင်မာမှုအတွက် အထောက်အကူ ဖြစ်ကြသည်။*
- *စိတ်တည်ငြိမ်မှု ခွန်အားရှိစေရန်အတွက် နေ့စဉ်အားဖြင့် အာရုံအနှောင့်အယှက်ကင်းရှင်းမည့် တစ်ချိန်ချိန်၊ တစ်နေရာရာကို ရွေးချယ်လျက်ထိုင်သင့်သည်။ အသက်ကို မှန်မှန်ပြင်းပြင်း ရှူရှိုက်လျက် တစ်ကိုယ်လုံးမှ ကြွက်သားများကို လျှော့ချထားရမည်။ ထိုအခါမျိုး၌ "ငါ့စိတ်တွေ တည်ငြိမ်အေးချမ်းနေသည်" ဟူသော အတွေးတစ်မျိုးတည်းကို အကြိမ်ကြိမ်ပွားများပါ။ ထိုသို့ ကိုယ်လျှော့စိတ်ဖြေလုပ်ရသည့် အလုပ်ကို မလုပ်မဖြစ် ဝတ္တရားကြီးအနေဖြင့် အတင်းအကျပ် သဘောထား၍ မလုပ်သင့်။ ရှေ့သို့ တိုးတက်ရန် အားယူခြင်းအနေဖြင့်သာ ပြုလုပ်ရမည်။*
- *စိတ်ကုန်လူပန်းဖြစ်ရတတ်သူတို့မှာ ကိုယ့်အဆင်မပြေမှုကို နီးစပ်ရင်းနှီးသူများအား အပြစ်ဖို့သလို ပုံချလွှဲပေးတတ်သည်။ ထိုသို့ပြုလုပ်ပါက ကိုယ့်အတွက်သာ နစ်နာဖို့ရှိသည်။ အကြောင်းမှာ မိသားစုများ၊ ရင်းနှီးသော မိတ်ဆွေများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေလေလေ ထိုစိတ်ကျသောအတွေးများ ပယ်ဖျောက်ဖို့ အခြေအနေပေးလေလေ ဖြစ်သည်။*
- *မိမိဘဝတွင် စိတ်တူကိုယ်တူ ရပ်ရွာအပေါင်းအသင်းများနှင့် ရင်းနှီးစွာ ဆက်ဆံမိပါစေ။ ဘုရားသွား ကျောင်းတက်အတူနှင့် ရပ်ရေးရွာရေးပြုလုပ်ရန် အခွင့်အလမ်းရှိခြင်းဖြင့် ပေါင်းသင်းဆက်ဆံမိသောသူတို့အကြား၌ စိတ်ဓာတ်ရေးရာ အားကိုးအားထားရသော စိတ်ဖိစီးမှုကို အလိုက်သင့် ခံသာလိမ့်မည်။*
- *ကိုယ်လုပ်ကိုင်နေရသော အလုပ်သည် ပျော်ပိုက်စရာမဖြစ်ဘဲ အခြားသူတို့နှင့်လည်း လွဲထား၍မရ၊ အပြောင်းအလဲတစ်စုံတစ်ရာကိုလည်း မလုပ်သာဖြစ်ကြောင်း ကိုယ့်စိတ်က သေချာလျှင် ကိုယ်နှင့်ဆီလျော်သင့်မြတ်မည့် အလုပ်မျိုးကို ပြောင်းလဲဆုံးဖြတ်လုပ်ကိုင်နိုင်ဖို့ စိတ်အားသတ္တိမွေးမြူပါ။ ထိုသို့ ပြုလုပ်ရန် မရဲတရဲရှိနိုင်ပြီး စွန့်စားအပ်သည့်ကိစ္စဖြစ်လျှင် စွန့်စားနိုင်ပါက အဆများစွာ တိုးတက်သွားနိုင်သည်။ အပြောင်းအလဲဟူသမျှ ခက်ခဲနစ်နာမှု အနည်းအကျဉ်းမရှိဘဲ မဖြစ်နိုင်တတ်ပေ။ အခက်အခဲနှင့် ရင်းနှီးပါမှလည်း ဥပဓိရုပ် ဖွံ့ဖြိုး၍ အကျိုးရလဒ် ပါဝင်နိုင်သည်။*

မောင်ဆုရှင်

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား UNOCHA နှင့် UN-Habitat တို့မှ ဧည့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိုယ်စားလှယ်ရုံး UNOCHA မှ Head of Office Ms. Barbara Manzi နှင့်အဖွဲ့**(အပေါ်ပုံ)**သည် ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂအိုးအိမ်ဖွံ့ဖြိုးမှုအစီအစဉ် (UN-Habitat) မှ Head of Agency Mr. Srinivasa B. Papuri နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ မေခလာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ဂီရိမုန်တိုင်းသင့် ဒေသများနှင့် ရှမ်းပြည်နယ် ငလျင်ဒဏ်သင့်ဒေသများ၌ ဆောင်ရွက်မည့် လူမှုဝန်ထမ်းလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ထူထောင်ရေးလုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများ ကျင်းပ

နေပြည်တော် မေ ၆

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများကို မေ ၅ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့၌ ကျင်းပသည်။

ကချင်ပြည်နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်းက အဖွင့်အမှာစကား ပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့် အဆောက်အအုံများတွင် မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်ခြင်း၊ ဆီနှင့် ဂက်(စ်)အိုးမီးလောင်မှုကာကွယ်ငြိမ်းသတ်ခြင်းနှင့် လူနေအိမ် မီးငြိမ်းသတ်မှုသရုပ်ပြ အစီအစဉ်များကို ပြသကြသည်။

ကယားပြည်နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ကယားပြည်နယ် မီးသတ်တပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးက စခန်းသာယာလှပရေး ပထမဆုရ လွိုင်ကော်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းအား ဂုဏ်ပြုဆုချီးမြှင့်ကာ မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးသတ်ဆေးဘူး၊ ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်နည်းစနစ်တို့ကို သရုပ်ပြသကြသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ဂန့်ဂေါမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝေက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့်အတူ တာဝန်ကို လေးစားစွာဆောင်ရွက်ကြသူ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ကာ မြို့နယ်မီးသတ်ဦးစီးမှူးက ဆီမီးသတ်ဘူး သုံးစွဲပုံကို လက်တွေ့သရုပ်ပြသရှင်းလင်းသည်။

ရှမ်းပြည်နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ ကျင့်ဝတ်ဖြေဆိုယှဉ်ပြိုင်ပွဲ ဗဟိုအဆင့် အထူးဆုရသူ၊ ပြင်ဦးလွင်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း၌ ဖွင့်လှစ်သော ယာဉ်မောင်း၊ စက်ပြင်သင်တန်း အမှတ်စဉ်(၁၇)၊ အသက်ကယ်သင်တန်း အမှတ်စဉ်(၃) နှင့် အခြေခံသင်တန်းအမှတ်စဉ်(၄၈) တို့တွင် ထူးချွန်ဆုရရှိကြသူများ၊ ရေပုံးလေ့ကျင့်ခန်း အကောင်းဆုံးဆု၊ အပေါ့စားမီးသတ်စက်အကောင်းဆုံးအဖွဲ့ဆု၊ မီးသတ်ကျင့်ဝတ်ပြိုင်ပွဲတွင် တပ်သားအဆင့်၊ အကြပ်အဆင့် ပထမဆုရရှိသူများ၊ နိုင်ငံတော်မှ ၂၀၁၁ ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသူနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အရန်မီးသတ်တပ်ဖွဲ့မှ သွေးလှူဒါန်းမှု အကြိမ်အများဆုံး(၆၇)ကြိမ် လှူဒါန်းခဲ့သူတို့အား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုနှင့် တံဆိပ်များကို ချီးမြှင့်ကြသည်။

ထို့နောက် ရေပုံးလေ့ကျင့်ခန်း၊ မီးသတ်ဆေးဘူး၊ ဆီမီးလောင်မှုကို မီးသတ်ယာဉ်ဖြင့် ငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်အုပ်စုဖြင့် မီးငြိမ်းသတ်မှုတို့ကို သရုပ်ပြသကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်အားပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Prajuab Supinee သည် မေ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ Federation of Thai Industries ၏ ဦးဆောင်မှုဖြင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၂၉ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၁ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC) ၌ ကျင်းပရန်ကိစ္စ၊ စားသောက်ကုန်လုပ်ငန်း၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းအမျိုးမျိုးလုပ်ငန်း၊ ထိုင်းနိုင်ငံထုတ် လူသုံး၊ အိမ်သုံးနှင့် အထွေထွေပစ္စည်း အမျိုးမျိုးလုပ်ငန်း အစရှိသည့် စီးပွားရေးလုပ်ငန်းများကို မြန်မာ စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/စက်မှု အသင်းချုပ် (သို့မဟုတ်) ထိုင်းစီးပွားရေးသံမှူးရုံး ဖုန်း-၅၅၈၅၅၆ သို့ မေ ၉ ရက်အရောက် အမည်စာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ITOCHU Corporation မှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ရန်ကုန်မြို့အခြေစိုက် ဂျပန်နိုင်ငံ ITOCHU Corporation မှ Mr. Surnitaka FUJITA ခေါင်းဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

ချင်းပြည်နယ်ဝန်ကြီးချုပ် ဓာတ်အားဖြန့်ဖြူးရေးစစ်ဆေး

နေပြည်တော် မေ ၆

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အတွင်းရှိ ကျေးရွာရေအားလျှပ်စစ်လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးကြပ်မတ်ရေး၊ ရေအားလျှပ်စစ်ရနိုင်သော နေရာများ ရှာဖွေတင်ပြရေး၊ လောင်စာဆီသုံးစွဲမှု စနစ်တကျရှိရေး၊ လျှပ်စစ်မီးလင်းရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

❖တရုတ်နိုင်ငံမှ

ရိုးလ်ရွိုက်စ်ကုမ္ပဏီသည် ကမ္ဘာ့ဆိုက်စမစ် နည်းပညာဈေးကွက်နှင့် ပင်လယ်ရေအောက် စူးစမ်းလေ့လာရေးနည်းပညာ ဈေးကွက်တို့အတွင်း ပိုမိုထိုးဖောက် ဝင်ရောက်လျက်ရှိသည်။

တရုတ်နိုင်ငံရှိ ဆိုင်နိုပက်ကုမ္ပဏီသည် ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့သိုက်များအား ရှာဖွေရာတွင် ဆိုက်စမစ်နည်းပညာသုံး သုတေသနရေယာဉ်ဖြင့် ပင်လယ်ကြမ်းပြင်ဆိုင်ရာ စူးစမ်းလေ့လာမှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ ရှန်ဟိုင်းသင်္ဘောကျင်းလုပ်ငန်းကုမ္ပဏီသည် ရိုးလ်ရွိုက်စ်ကုမ္ပဏီက ထောက်ပံ့ပေးမည့် ဒီဇိုင်းပုံစံနှင့်အညီ ဆိုင်နိုပက်ကုမ္ပဏီအတွက် ဆိုက်စမစ်နည်းပညာသုံး သုတေသနသင်္ဘောကိုတည်ဆောက်မည်ဖြစ်သည်။

ယခုနှစ်ဖေဖော်ဝါရီလက ရရှိခဲ့သောလုပ်ငန်းကန်ထရိုက် သဘောတူညီချက်တစ်ရပ်အရ အဆိုပါသုတေသနသင်္ဘော၌ တပ်ဆင်မည့် လျှပ်စစ်စွမ်းအားစနစ်၊ တွန်းကန်အားစနစ်နှင့် ဆိုက်စမစ် နည်းပညာဆိုင်ရာစနစ်များကို ရိုးလ်ရွိုက်စ်ကုမ္ပဏီက ထောက်ပံ့ပေးမည်ဖြစ်သည်။

ရိုးလ်ရွိုက်စ်ကုမ္ပဏီ ရရှိသောလုပ်ငန်းကန်ထရိုက်တန်ဖိုးမှာ ပေါင်သန်း ၂၀ (အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃ သန်း)ဖြစ်သည်။

အင်တာနက်။

နေပြည်တော်မှ ဒေသအသီးသီးသို့ သွားလိုသလား . . .

စုစည်းဖော်ပြသူ ထွန်းဦးထွန်း

နေပြည်တော် မေ ၆

နေပြည်တော်နှင့် ဒေသအသီးသီးသို့ ဆက်သွယ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် ခရီးသည်တင် မှန်လုံယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ ပြေးဆွဲနေသော ယာဉ်လိုင်း ၃၀ တို့၏ ထွက်ခွာချိန်နှင့် ဈေးနှုန်းတို့ကို စုစည်းဖော်ပြလိုက်ပါသည်-

စဉ်	ယာဉ်လိုင်းအမည်	ခရီးစဉ်	နေပြည်တော်မှ ထွက်ချိန်	အခြားဒေသမှ နေပြည်တော်သို့ ထွက်ချိန်	ယာဉ်စီးခ		နေပြည်တော် ဖုန်း
					ရိုးရိုး	အထူး	
၁	ကျော်	ပြည်	၀၅း၃၀ ၁၈း၃၀	၀၅း၃၀ ၁၉း၀၀	၄၄၀၀	-	၀၆၇-၂၆၁၂၈
၂	ကြယ်စင်ဟိန်း မြတ်မိုး	မုံရွာ	၁၈း၃၀(ရိုးရိုး) ၁၉း၃၀(အထူး)	၁၉း၀၀(ရိုးရိုး) ၂၀း၀၀(အထူး)	၆၄၀၀	၇၄၀၀	၀၆၇-၂၆၁၂၃ ၀၆၇-၂၆၁၄၈
၃	ကြယ်တံခွန်	လားရှိုး	၁၇း၃၀(အထူး)	၁၈း၀၀(အထူး)	-	၈၉၀၀	၀၆၇-၂၆၂၅၈
၄	က. ပ. ရ	မကွေး	၀၅း၀၀	၀၄း၃၀	၃၀၀၀	-	၀၆၇-၂၆၁၈၉
၅	စတား	မကွေး	၁၉း၀၀	၁၇း၀၀	၄၄၀၀	-	၀၆၇-၂၆၃၄၃
၆	တော်ဝင်	မကွေး	၀၅း၃၀ ၁၉း၀၀	၀၆း၀၀ ၁၉း၃၀	၃၁၀၀	-	၀၆၇-၂၆၂၃၂
၇	တော်ဝင်	စလင်း	၀၆း၃၀	၀၆း၀၀	၇၆၀၀	-	။
၈	တော်ဝင်	ပခုက္ကူ	၀၅း၀၀ ၂၀း၃၀	၀၆း၀၀ ၁၅း၃၀	၅၀၀၀	-	။ ။
၉	တော်ဝင်	မန္တလေး	၀၈း၀၀	၁၀း၃၀	၄၁၀၀	-	။
၁၀	တော်ဝင်	မော်လမြိုင်	၁၉း၀၀	၁၈း၀၀	-	၁၀၁၀၀	။
၁၁	တော်ဝင်	ဘားအံ	၂၀း၀၀	၁၈း၀၀	၉၁၀၀	-	။
၁၂	တော်ဝင်	မိတ္ထီလာ	၀၆း၀၀ မှ ၁၆း၀၀ထိ နေ့စဉ်(၉)စီး ထွက်သည်	နေပြည်တော်မှ ထွက်သည့်ယာဉ် စီးရေအတိုင်း	၂၀၀၀	-	။

(ဆက်လက်ဖော်ပြပါမည်)

*** နိုင်ငံမြောက်ဖျားမှ**

ခရီးစဉ်မှာ ရန်ကုန်မှ မြစ်ကြီးနားကို လေကြောင်းလိုင်းတစ်ခုဖြင့် သွားခဲ့ပြီး မြစ်ကြီးနားမှ ဗန်းမော်ကို လာကြိုသော ဗင်ကားလေးဖြင့် သွားခြင်းဖြစ်သည်။ မြန်မာပြည်မြောက်ဖျားမှ ကချင်ပြည်နယ်၌ နိုင်ငံတော်အစိုးရက ကားလမ်း၊ ရထားလမ်းနှင့် တံတားများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ဗန်းမော်မြို့နှင့် မိုင် ၃၀ ကျော်ဝေးသည့် စင်းခန်းကျေးရွာအနီး ဧရာဝတီမြစ်ပေါ်တွင် ကားလမ်းနှင့်ရထားလမ်း နှစ်မျိုးပါ မောင်းကားလမ်းနှင့် မီးရထားလမ်း တစ်လမ်း ယှဉ်တွဲပါရှိသော တံတားကြီး ဖြစ်သည်။ တံတားတည်ဆောက်ရေး လုပ်ငန်းကို ၇-၅-၂၀၀၉ ရက်နေ့တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကားလမ်းနှင့်ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလိုက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးလာပြီး ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ဧရာဝတီတံတား(စင်းခန်း) ချဉ်းကပ်ရထားလမ်းကို ဤသို့တွေ့ရစဉ်။

သည့် ဧရာဝတီတံတား(စင်းခန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်နေကြောင်းကြားသိရ၍ သတင်းဆောင်းပါးရေးသားတင်ပြနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတံတား (စင်းခန်း)သည် ဧရာဝတီဖြစ်၏ ဒုတိယမြစ်ကျဉ်းအထက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ နှစ်လမ်း

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဧရာဝတီတံတား(စင်းခန်း)၌ သတင်းဓာတ်ပုံများကို ရိုက်ကူးပြီး အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းအား တွေ့ဆုံ၍ တံတားတည်ဆောက်ရေးနှင့် စပ်လျဉ်းပြီး မေးကြည့်ခဲ့သည်။ ၎င်းက ပင်မတံတားတိုင်များကို သံကူကွန်ကရစ် Bored Pile (ဘိုးပိုင်)အုတ်မြစ်များဖြင့် တည်ဆောက်ထားကြောင်း၊ ပင်မတံတားတွင် Bored Pile စုစုပေါင်း ၁၆၆လုံးပါရှိပြီး လုပ်ငန်းများကို ၁၇-၇-၂၀၀၉ ရက်နေ့တွင် စတင်၍ တည်ဆောက်ခဲ့ကာ ၆-၅-၂၀၁၀ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊

ဧရာဝတီတံတား(စင်းခန်း)၏ ပင်မရေလယ်တိုင်များ ပြီးစီးနေသည်ကို ဤသို့တွေ့ခဲ့ရသည်။

စုစုပေါင်း စက်လေးစက်ဖြင့် အဖွဲ့လေးဖွဲ့ခွဲပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းဘိုးပိုင်များအပေါ်၌ ပိုင်ထိပ်အုပ် Cap ၁၀ ခုအား ၂၉-၈-၂၀၀၉ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ကုန်းပေါ်တိုင်များဖြစ်သည့် $RP_{1, 2, 3, 9, 10}$၊ ရေလယ်တိုင်များအနက် RP_7နှင့် စုစုပေါင်း ခုနစ်တိုင်မှာ ၁၈-၆-၂၀၁၀ ရက်နေ့တွင် ပြီးစီးခဲ့ကြောင်း၊ RP_4,RP_5,RP_6 တိုင်များကို ၂၇-၁၀-၂၀၁၀ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး တိုင်ကိုယ်ထည် Shaft နှင့် Cross Beam ၁၀ ခုမှာ ၁-၁-၂၀၁၁ ရက်နေ့တွင် အလုံးစုံပြီးစီးခဲ့ကြောင်း၊ ပင်မတံတားတိုင်များကို ရေအမြင့်ဆုံးတက်သည့် ရေပြင်အထက် အမြင့် ၄၇ ပေနှင့် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ပေ ၃၂၀ ရရှိအောင် တည်ဆောက်ထားကြောင်း၊ ပင်မတံတား (ကားလမ်း)အကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီနှင့် ရထားလမ်းအကျယ် ၁၄ ပေရှိပြီး ပင်မတံတားသံပေါင်တွင် သုံးစွဲမည့် စုစုပေါင်း ခန့်မှန်းတန်ချိန်မှာ ၉၄၉၅ တန်ဖြစ်ကာ ယခုစင်းခန်းတံတားသို့ သံပေါင်တန်ချိန်

"တံတားကြီးကို သတ်မှတ်ကာလအတွင်းပြီးရန် နေ့ည တည်ဆောက်နေပါတယ်"

ဦးမျိုးဝင်း
(အင်ဂျင်နီယာမှူးကြီး)

ကားလမ်းအတွက် ကြမ်းခင်းပြား ၇၃၂ ချပ်နှင့် လူသွားလမ်းအတွက် ကြမ်းခင်းပြား ၄၈၈ ချပ်အား ကြိုတင်သွန်းလောင်းထားခြင်းမှာလည်း အားလုံး ၁၀၀ ရာခိုင်နှုန်း အသင့်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ကားလမ်းကို ဖောက်လုပ်ပေးခဲ့သကဲ့သို့ ယခု ကသာ-ဗန်းမော်ရထားလမ်းနှင့် ကားလမ်းပါဝင်သော ဧရာဝတီတံတား (စင်းခန်း)ကို ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

ဤတံတားကြီး ပြီးစီးသွားပါက

၂၆၅၆ တန် ရောက်ရှိပြီးဖြစ်ကြောင်း၊ ပင်မတံတားသံပေါင်များကို ဗန်းမော်ဘက်ကမ်း RP_{10} တိုင်မှ RP_9တိုင်သို့ စတင်၍ ၁-၂-၂၀၁၁ ရက်နေ့တွင် စတင်တပ်ဆင်နေကြောင်းနှင့် ဆက်လက်၍ ရေလယ်တိုင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ပင်မတံတား သံပေါင်များအပေါ်တွင် ခင်းမည့်

ဧရာဝတီတံတား(စင်းခန်း)အား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာအင်ဂျင်နီယာလုပ်သားကြီးများ ဤသို့ သက်စွန့်ဆံဖျားဆောင်ရွက်နေကြစဉ်။

ထို့ပြင် ဧရာဝတီတံတား(စင်းခန်း)သည် အသစ်ဖောက်လုပ်လျက်ရှိသည့် ကသာ-ဗန်းမော်ရထားလမ်းနှင့်ကားလမ်းပိုင်းတွင် ပါဝင်သည့် တံတားကြီးဖြစ်ကြောင်း၊ မန္တလေး-တကောင်း-ဗန်းမော်

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မန္တလေး-တကောင်း-ဗန်းမော်(မဟာဗျူဟာလမ်း) အတိုင်း မန္တလေးမှ ဗန်းမော်သို့သွားလျှင် (၂၇၀/၅)မိုင်ကွာဝေးသော်လည်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ မန္တလေး-ကသာ-ဗန်းမော်လမ်းအတိုင်း မန္တလေးမှ ဗန်းမော်သို့သွားလျှင် လမ်းခရီးမိုင်(၄၈/၂)မိုင် ပိုမိုကွာဝေးမည်ဖြစ်သည်။ သို့ရာတွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်း မြို့ကြီးများဖြစ်သည့် စစ်ကိုင်း၊ ရွှေဘို၊ ထီးချိုင့်၊ ကသာမြို့ကြီးများကို ဖြတ်သန်းသွားလာနိုင်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဆက်သွယ်၍ရသော အရေးပါသည့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း လမ်းမကြီးတစ်လမ်း ဖြစ်သည့်အပြင် မန္တလေး-စစ်ကိုင်း-ရွှေဘို-ထီးချိုင့်-ကသာ-စင်းခန်း-ဗန်းမော်-မိုးမောက်-ဝိုင်းမော် - မြစ်ကြီးနား - မိုးကောင်း-မိုးညှင်း-အင်းတော်-ကသာ-စင်းခန်း-ရွှေကူ-တကောင်း-မန္တလေးလမ်း ကွန်ရက် (Road Network Loop) ပိုမိုကျယ်ဝန်းလာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ့ကြက်ခြေနီနေ့
၂၀၁၁ ခုနှစ်၊ မေလ (၈) ရက်
World Red Cross Day
8th May, 2011
"VOLUNTEERISM"
"စေတနာရှင်စိတ်ထား သင့်ရင်ထဲမှာပွား"
မြန်မာနိုင်ငံကြက်ခြေနီအသင်း

တို တို ထွာ ထွာ ဖတ် စ ရာ

မုန်တိုင်းစောင့်ကြည့်ရေးအဖွဲ့မှ သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် မုန်တိုင်းစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ယနေ့ကာလ မိုးကြိုမုန်တိုင်းကာလတွင် မုန်တိုင်းအခြေအနေကို စောင့်ကြည့်လျက် အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုအခြေအနေများ၊ ထူးခြားမှုဖြစ်စဉ်များကို သက်ဆိုင်ရာဌာနခွဲများသို့ သတင်းပေးပို့ သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"မုန်တိုင်းအကြိုရာသီမှာ ခရီးသည်တွေနဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မုန်တိုင်းစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့ပြီး ၂၄ နာရီစောင့်ကြည့်ပြီးတော့ လိုအပ်တဲ့အမိန့်တွေ ထုတ်ပြန်ပေးနေပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေများတဲ့ဒေသများကို အဓိကထား ထုတ်ပြန်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေပါးချိန် ဆိပ်ကမ်းမပြောင်းရွှေ့ရတော့သည့်အတွက် ကုန်ကျစရိတ်သက်သာ

မြန်မာနိုင်ငံအထက်ပိုင်းတွင် အချက်အချာကျသောဆိပ်ကမ်းဖြစ်သည့် ဗန်းမော်မြို့သို့ ဆိုက်ကပ်သည့် ဆိပ်ကမ်းသည် ရေပါးချိန်တွင် ပြီးခဲ့သည့် သုံးနှစ်ဆက်တိုက် ဗန်းမော်မြို့အောက်ဘက် ငါးမိုင်အကွာ ကမ်းပါးနီဆိပ်ကမ်းသို့ ပြောင်းရွှေ့ဆိုက်ကပ်ခဲ့ရသော်လည်း ယခုနှစ်တွင် ကြိုတင်ပြင်ဆင်မှုများကြောင့် ရေပါးချိန်ဖြစ်သော်လည်း ပြောင်းရွှေ့ခြင်းမပြုလုပ်ခဲ့ရသည့်အတွက် ရေကြောင်းသယ်ယူမှုကုန်ကျစရိတ် များစွာသက်သာစေကြောင်း သိရသည်။

ယခုနှစ်တွင် ကြိုတင်ပြင်ဆင်မှုများကြောင့် ရေလမ်းသာခဲ့သည့်အပြင် အထက်ပိုင်းဒေသများ၌ မတ်လမှ စတင်ပြီး မိုးရွာသွန်းမှုတို့ရှိခဲ့သည်ကလည်း ရေလမ်းကို ပိုမိုသာစေခဲ့ကြောင်း ရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြစ်ဝကျွန်းပေါ်ကုန်စည်စီးဆင်းမှု ပုံမှန်ပြန်ဖြစ်

နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီးနောက် သုံးနှစ်အကြာ ယနေ့ကာလတွင် နာဂစ်ဒဏ် အများဆုံးခံစားခဲ့ရသည့် မြစ်ဝကျွန်းပေါ်ဒေသမှ ရေကြောင်းဖြင့် သယ်ယူသည့် ကုန်စည်စီးဆင်းမှုသည် နာဂစ်မတိုင်မီအချိန် အနေအထားသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

"မြစ်ဝကျွန်းပေါ်ဒေသကနေထွက်ရှိတဲ့ ဒေသထွက်ကုန်ပစ္စည်းတွေ၊ လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ မွေးမြူရေးထွက်ကုန်ပစ္စည်းတွေရဲ့ ရေကြောင်းကနေ သယ်ယူမှုအနေအထားကတော့ နာဂစ်မဖြစ်ခင်က အနေအထားအတိုင်း ပုံမှန်ပြန်ဖြစ်နေပါပြီ"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြရောဈေးသင်္ဘော ပြင်ဆင်မွမ်းမံလျက်ရှိ

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးအခေါက် ပြေးဆွဲခဲ့သည့် မြရောဈေးသင်္ဘောကို ယခုအခါ ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြင်ဆင်မွမ်းမံမှုကို ဒလသင်္ဘောကျင်း၌ ကျင်းတင်ပြုလုပ်လျက်ရှိကြောင်း၊ ပင်မသင်္ဘောကြီးအပြင် ဘေးတွဲနှစ်တွဲကိုပါ ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ ခရီးမိုင် ၁၀၀၀ ကျော်ကို ပြေးဆွဲခုတ်မောင်းခဲ့ပြီးဖြစ်သည့်အတွက် ပုံမှန်ပြင်ဆင်ခြင်းမျိုးသာ ဖြစ်ကြောင်း၊ မေလအတွင်း အပြီးသတ်ပြင်ဆင်သွားမည်ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပထမဆုံးခရီးစဉ်ထွက်ခွာမည့်ရက်ကို ကြိုတင်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်ဝင်းမြတ် စုစည်းတင်ပြသည်

ပြင်ဦးလွင် အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပ

ပြင်ဦးလွင် မေ ၆

ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဧပြီ ၂၅ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီက အဆိုပါကျောင်းရှိ ဧရာဝတီခန်းမဆောင်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက နှစ်အလိုက် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ကိုယ်စား ကျောင်းသားဟောင်း ဦးသိန်းထွန်းက ကန်တော့ချိုးကို တိုင်ကြားကာ ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဆရာကြီး၊ ဆရာမကြီးများ၏ ကိုယ်စား အထက်တန်းပြဆရာမကြီးဒေါ်ခင်လေး(ငြိမ်း)နှင့် အငြိမ်းစားဆရာကြီး ဦးဝင်းအောင်တို့က ဆုံးမဩဝါဒစကား မြွက်ကြားပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးအုန်းချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

စံချိန်စံညွှန်းမီတိုင်းရင်းဆေးဝါးများကို နိုင်ငံတကာအဆင့်မီထုတ်လုပ်လာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ရာ၌ ပြည်သူယုံကြည်မှုပိုမိုရရှိ

သတင်းဆောင်းပါး - မျိုးထွန်း(ကြေးမုံ) ➤ ဓာတ်ပုံ - ငွေအောင်(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ ယနေ့ ဒုတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)သို့ ကြေးမုံသတင်းအဖွဲ့သွားရောက်၍ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများအား တွေ့ဆုံကာ မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် မေးမြန်းခဲ့ပါသည်။

ဒေဝယက္ခ တိုင်းရင်းဆေးဝါးမှ ဦးဖြေ ရှင်းပြစဉ်။

ရှေးဦးစွာ ဒေဝယက္ခတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးဖြေက ပြပွဲ၌ ပါဝင်ပြသရခြင်းမှာ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူလူထု ပိုမိုထိတွေ့နိုင်ရန်နှင့် တိုးတက်ပြောင်းလဲလာသည့် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုစနစ်များကို အများပြည်သူပိုမိုသိရှိပြီး တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ကာ အဓိက မိမိဆေးတိုက်မှ အသစ်ထပ်မံထုတ်လုပ်သည့် 'ဝ' လေးလုံး ဒဏ်ကြေဆေး၊ အဖြေကျော်ဒဏ်ကြေလိမ်းဆေးများကို မိတ်ဆက်အသိပေးလို၍လည်း ဖြစ်ကြောင်းနှင့် နေ့စဉ်ကောင်းမှုကုသိုလ်ရယူလိုသောဆန္ဒဖြင့် အစွမ်းထက်ဆေးဝါးများကို ထုတ်လုပ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဒေါ်ငွေငွေရီက ယခုပြပွဲတွင် လာရောက်ပြသရင်း ဆေးဝါးသုံးစွဲသူများနှင့် တိုက်ရိုက်ထိတွေ့ရသည့်အတွက် မေးမြန်းချက်များကို တိုက်ရိုက်ဖြေကြားနိုင်ပြီး သုံးစွဲသူ အမှန်တကယ်လိုအပ်သည့်ဆေးဝါးများကို ရွေးချယ်ပေး

ဦးသာရင် ဆေးတိုက်မှ ဒေါ်လေးမြင့် ရှင်းပြစဉ်။

နိုင်ကြောင်း၊ ထုတ်လုပ်သူ အချင်းချင်း စည်းလုံးညီညွတ်ပြီး စုပေါင်းဆောင်ရွက်မှုကြောင့် ပိုမိုရင်းနှီးခင်မင်မှုရှိလာကြောင်း၊ ထုတ်လုပ်သူအချင်းချင်း မိမိတို့ ထုတ်လုပ်သည့် ဆေးဝါးများ ထုတ်လုပ်မှုကို အမြင်ချင်းဖလှယ်နိုင်ကြောင်း၊ အဓိက ကိုယ်ထုတ်သည့် ဆေးဝါးများကို ခေတ်မီသော နည်းစနစ်များဖြင့် စံချိန်စံညွှန်းမီ ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု I.S.O လက်မှတ်များရရှိရေးအတွက် အစွမ်းကုန်ကြိုးစားထုတ်လုပ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးသာရင်ဆေးတိုက်မှ ဒေါ်လေးမြင့်က မိမိတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော လေရောဂါဆေးဝါးများ၊ အကိုက်အခဲပျောက်ဆေးဝါးများ၊ အကြောနှင့်ပတ်သက်သော ဆေးဝါးများအနေဖြင့် I.S.O နိုင်ငံတကာအသိအမှတ်ပြုခံရပြီး နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်သုံးခု ရရှိထားကြောင်း၊ အဓိကအားဖြင့် သုံးစွဲသူများ ဘေးအန္တရာယ်ကင်းပြီး နည်းစနစ်မှန်ကန်စွာဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများဖြစ်ကြောင်း၊ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရယူထားသည့် ဆေးဝါးများထုတ်လုပ်သည့် အဆင့်တိုင်းတွင် အရည်အသွေး ထိန်းချုပ်ထားပြီး စစ်ဆေးပြီးမှ ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ အဏုဇီဝပိုးမွှားများ ကင်းစင်ကြောင်း အောက်မြန်မာပြည်ဆေးသုတေသနဌာနမှ အမြဲစစ်ဆေး

ကေသီပန် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဒေါ်ငွေငွေရီ ရှင်းပြစဉ်။

အတည်ပြုပြီးမှ ဈေးကွက်အတွင်းသို့ ဖြန့်ချိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မောရိယဆေးတိုက်မှ ဒေါက်တာငွေငွေခိုင်က မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ကျင်းပတာကြာပြီဖြစ်ကြောင်း၊ တိုင်းရင်းဆေးပြပွဲ ကျင်းပခြင်းကြောင့် ပြည်သူ့ကျန်းမာရေးနှင့် တိုက်ရိုက်ထိတွေ့ရသည့်အတွက် ပို၍ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ အရေးကြီးဆုံးမှာ ကိုယ့်မြေကိုယ့်ရေနှင့် အကိုက်ညီဆုံးကတော့ မြန်မာ့တိုင်းရင်းဆေးပင်ဖြစ်ကြောင်း၊ အဓိကတော့ စေတနာပဲဖြစ်ကြောင်း၊ စေတနာဆိုတာ အတုလုပ်၍ မရကြောင်း၊ တန်ကြေးထက် ပြန်ပေးတဲ့ အစွမ်းကပိုပါကြောင်း၊ မိမိမောရိယ မန်းဆေးမှာ နန်းတွင်းသုံးသမားကိုင် နန်းတွင်းသုံးဆေးဖြစ်ကြောင်း၊ စကုမင်းသားမှတစ်ဆင့် ဆရာခိုင်ကြီးက ထုတ်လုပ်ခဲ့ပြီး ၎င်းမှတစ်ဆင့် မိမိတို့က ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ "အဘထ" တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါက်တာနိုင်အောင်

မောရိယဆေးတိုက်မှ ဒေါက်တာ ငွေငွေခိုင် ရှင်းပြစဉ်။

ရွှေရိဝင်းပတ္တမြား တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါ်မြင့်မြင့်ရီ ရှင်းပြစဉ်။

က စစ်မှန်သည့် တိုင်းရင်းဆေးများ မတိမ်ကော မပျောက်ပျက်သွားအောင် ထိန်းသိမ်းသည့်အနေဖြင့် ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း၊ မိမိဆေးတိုက်မှ တိုင်းရင်းဆေးဝါးများသည် ထိုင်းနိုင်ငံ၏ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ တရားဝင်ခွင့်ပြုမိန့်ရပြီးဖြစ်၍ ခေတ်မီစက်ကိရိယာများဖြင့် အဆင့်မြင့်စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပြပွဲတွင် တိုင်းရင်းဆေးဝါးများ ရောင်းချခြင်းဖြင့် ဆေး၏အစွမ်းကို ပြည်သူများပိုမိုသိရှိလာပြီး ပြည်သူလူထု၏

ဇွဲရတနာ တိုင်းရင်းဆေးဝါး လုပ်ငန်းမှ ဒေါ်ရင်ရင်တင့် ရှင်းပြစဉ်။

ကျန်းမာရေးကို အထောက်အကူဖြစ်စေကြောင်း၊ အဘထရှူဆေးအပါအဝင် တိုင်းရင်းဆေး ၁၂ မျိုးကို မှန်ကန်သော ဈေးနှုန်းဖြင့် လူတိုင်းကျန်းမာရေးအတွက် "အဘထ"က စေတနာဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇွဲရတနာ တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါ်ရင်ရင်တင့်က ယခုပြပွဲတွင် တိုင်းရင်းဆေးများကို ပြည်သူများ လက်ထဲသို့ တိုက်ရိုက်ရောင်းချနိုင်သည့်အတွက် သုံးစွဲသူများအနေဖြင့် မိမိသိရှိလိုသည်များကို တိုက်ရိုက်ဆွေးနွေး ဝယ်ယူနိုင်ပြီး ဇွဲရတနာတိုင်းရင်းဆေးဝါး လုပ်ငန်း၏ အဓိကဆေးဖြစ်သည့် အာရုံကြောဆေးအပါအဝင် တိုင်းရင်းဆေး စုစုပေါင်းကိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ ဆေးဝါး ထုတ်လုပ်မှုအပိုင်းတွင် ဆေးပစ္စည်း ကုန်ကြမ်းများကို အဓိကထားဖော်စပ်ပြီး ပထမတန်းစားအဆင့်မီ ဆေးပစ္စည်း ကုန်ကြမ်းများကို သုံးစွဲထားသဖြင့် စံချိန်စံညွှန်းမီ ဆေးဝါးများအဆင့်ကို ရရှိကြောင်း၊ ဆေးဝါးများ၏သန့်ရှင်းစင်ကြယ်မှု၊ အလေးချိန်တိကျမှု၊ ဆေးပစ္စည်း လတ်ဆတ်မှုနှင့် ဘေးထွက်ဆိုးကျိုးမရှိသည့် ဆေးဝါးများကို ရွေးချယ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေရိဝင်းပတ္တမြား တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါ်မြင့်မြင့်ရီက ယခုပြပွဲတွင် ပြည်သူများနှင့် ထိတွေ့ရောင်းချရသည့်အတွက် မိမိတိုင်းရင်းဆေးများ၏ အစွမ်းအာနိသင်ကို ရှင်းလင်းပြောပြနိုင်ပြီး အကျိုးကျေးဇူးလည်း ပိုမိုများကြောင်း၊ တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် တိုင်းရင်းဆေးဝါးမျိုးစုံကို တွေ့ရှိရပြီး တိုင်းရင်းဆေးလုပ်ငန်းရှင်များနှင့် အမြင်ချင်းနှီးနှောဖလှယ်ခြင်းဖြင့် ဗဟုသုတ၊ အကြံဉာဏ်ကို ရရှိသဖြင့် ပိုမိုထက်မြက်အစွမ်းထက်သည့် တိုင်းရင်းဆေးများကို တိုးချဲ့ထုတ်လုပ်နိုင်ပြီး သုံးစွဲသူများ၏ လိုအပ်ချက်များကို အမြဲထိတွေ့လေ့လာကာ ပြည်သူလူထု၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ။

"အဘထ"တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါက်တာနိုင်အောင် ရှင်းပြစဉ်။

○ **ကျောဖုံးမှ**

တက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်(မန္တလေး)၊ ကျောက်ဆည်တက္ကသိုလ်၊ တောင်ကြီး တက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်(မုံရွာ)၊ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်(ရန်ကုန်)၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်(ရန်ကုန်)၊ သမဝါယမကောလိပ်(ရန်ကုန်)နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(ရန်ကုန်)တို့မှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လိုက်ပါခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁) ဒုတိယနေ့ကို လာရောက်အားပေးဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁) ဒုတိယနေ့ ဆက်လက်ပြသ

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပစ္စည်းဦးစီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူးကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁)ကို ယနေ့ ဒုတိယနေ့အဖြစ် ဆက်လက်ပြသရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ရောင်းချလျက်ရှိသော တိုင်းရင်းဆေးဆိုင်များမှ တိုင်းရင်းဆေးဝါးများကို ဝယ်ယူအားပေးကြသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁) ပြခန်းတွင် "မြန်မာပြည်သူပြည်သားတို့အား တိုင်းရင်းဆေးပညာဖြင့် အလုပ်အကျွေးပြုကုန်"ဆောင်ပုဒ်ပါ မုခ်ဦးနှင့်အတူ ခန်းမအဝင်၌ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပြခန်း၊ ထွန်းရွှေဝါ ဆေးဝါးထုတ်လုပ်ရေးပြခန်း၊ ဦးသာရင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးပြခန်း၊ မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပြခန်းနှင့် မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပြခန်းတို့ကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ခန်းမအဝင် လက်ဝဲလက်ယာတို့၌လည်းဒေဝယက္ခ၊ တြိရတန၊ ပန်းဝတ်မှုန်၊ နဂါးနှစ်ကောင်၊ လှပျို့ဖြူ ပွင့်ကောင်း၊ ဒေါ်နု၊ ကိုးပါးဆေး၊ ညွှန့်ညွှန့်၊ နန်းတော်ကြီး၊ ရွှေမြန်မာ၊ ရွှေရိဝင်းပတ္တမြား၊ ရုပ်ပျို၊ ကေသီပန်၊ ဩဘာ၊ ဆန္ဒမွန်၊ စိန်ဘယက်၊ အဘထ၊ ဦးဘညိမ်သားစတုမဓု၊ သုခသီတာ၊ ရွှေနေမင်း၊ ကံသာနှင့် ဖြူစင်မေတ္တာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှ (၉၆)ပါးရောဂါကုဆေးဝါးမျိုးစုံတို့ကို ပြသရောင်းချလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် ပြခန်းပေါင်း ၁၂၀ ပြသထားပြီး တိုင်းရင်းဆေးပြခန်း ၁၁၀ပါရှိကာဆေးဝါးထုတ်လုပ်စက်ပစ္စည်းပြခန်း၊ ဆေးကုခန်းနှင့် နည်းပညာပြခန်းများလည်းပါရှိ၍ ပြပွဲကို မေ ၉ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့တိုင်းရင်းဆေးများပြပွဲတွင် ပန်းဝတ်မှုန်တိုင်းရင်းဆေးပါဝင်ပြသ

ရန်ကုန် မေ ၆

မေ ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁ တွင် ပန်းဝတ်မှုန် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သည့် အစွမ်းထက် တိုင်းရင်းဆေးများ ပါဝင်ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပန်းဝတ်မှုန် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သည့် ပန်းဝတ်မှုန်အပူငြိမ်းဆေးသည် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးတုန်ရင်ခုန်မူးမော်ခြင်း၊ သွေးအားနည်းခြင်း၊ ဓမ္မတာမမှန်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်၊ အော့အန်ခြင်းများကို သက်သာပျောက်ကင်းစေသည်။ နေ့စဉ်မှန်မှန်သုံးစွဲပါက စားကောင်းအိပ်ပျော်ပြီး ဦးနှောက်ကို ကြည်လင်လန်းဆန်းစေသည်။

ပန်းဝတ်မှုန် သွေးသန့်ဆေးသည် ဝက်ခြံ၊ တင်းတိပ်၊ ဝဲ၊ နှင်းခူ၊ ယားနာ၊ သွေးစုနာများပေါက်ခြင်း၊ ခေါင်းမူးခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ နားအူခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဗောက်ထခြင်း၊ ညောင်းညာထုံကျဉ်ခြင်း၊ ဝမ်းချုပ်ခြင်းတို့ကို သက်သာပျောက်ကင်းစေကြောင်း သိရသည်။

ပန်းဝတ်မှုန် အပူငြိမ်းဆေးနှင့် ပန်းဝတ်မှုန်သွေးသန့်ဆေးတို့ကို အမျိုးသား၊ အမျိုးသမီးမရွေး သုံးစွဲနိုင်ပြီး ဘေးထွက်ဆိုးကျိုးကင်းကာ ယုံကြည်စိတ်ချစွာဖြင့် နေ့စဉ်မှီဝဲသုံးစွဲနိုင်ကြောင်းနှင့် ပန်းဝတ်မှုန်တိုင်းရင်းဆေးများကို အမှတ် (၄၄) ဓမ္မရာဇာ (၂) လမ်း (၁၀) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၆၉၃၇၃၊ ၀၉-၅၀၀၃၀၆၂၊ ၀၉-၅၁၈၇၉၀၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

(7-5)10.pmd 1 5/7/2011, 2:14 AM

ပြည်တွင်းအားကစားသတင်းများ

၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားသက်ငယ်တန်း လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် (MBxF) တို့က ကြီးမှူးကျင်းပသော "၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားသက်ငယ်တန်း လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကြီး"ကို သိမ်ဖြူလမ်းနှင့် ကန်တော်ကြီးပတ်လမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမရုံသစ်၌ မေ ၇ ရက်မှ ၁၅ ရက်ထိ နေ့စဉ် မွန်းလွဲ ၂ နာရီခွဲမှ စတင်ကျင်းပသွားမည် ဖြစ်သည်။

ယခုပြိုင်ပွဲကြီးသည် အနာဂတ် မြန်မာ့လက်ဝှေ့လောက အတွက် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ဖော်ထုတ်နိုင်ရေး အဓိကရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ရာ အမျိုးသား သက်ငယ်တန်းအဆင့် ဝိတ်တန်း (၁၁)တန်း၊ အမျိုးသားအဆင့် ဝိတ်တန်း (၈)တန်း၊ အမျိုးသမီးအဆင့် ဝိတ်တန်း (၅)တန်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဝိတ်တန်းတိုင်းအတွက် ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုမှ လက်ဝှေ့အားကစားမောင်မယ် ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ပွဲရုံသစ်၌ ပထမဆုံးအကြိမ် ကျင်းပသည့် လက်ဝှေ့ပြိုင်ပွဲသို့ ဝါသနာရှင်တိုင်း ဝင်ကြေးမရှိ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းလည်း သိရှိရသည်။

(ကြေးမုံ)

တာလေတွင် ဘေးအန္တရာယ်လျှော့ချရေး အသိပညာပေး

တာချီလိတ် မေ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် မင်္ဂလာမြန်မာအဖွဲ့မှ ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘေးအန္တရာယ်လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ ဆရာ၊ ဆရာမများနှင့် သူနာပြုများအား ငလျင်ဘေးအန္တရာယ်၊ မြေပြိုခြင်း အန္တရာယ်နှင့် မိုးခေါင်ခြင်း အန္တရာယ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ **(အောက်ဝဲပုံ)**

ဆရာ၊ ဆရာမများ၊ သူနာပြုများသည် သင်တန်းတက်ရောက်ပြီးစီးပါက ရပ်ရွာလူထုများထံ ပြန်လည်ဆွေးနွေးပို့ချသွားမည်ဖြစ်၍ ရပ်ရွာလူထု၏ ဘေးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာများ ပိုမိုတိုးတက်လာစေမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ပညာဂုဏ်ရောင် အလင်းဆောင်

စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်း

တမူး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ စာကြည့်တိုက်များအတွက် စာအုပ်များ ပေးလှူဒါန်းပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ဆက် ဦးစီးမှူး ဦးမနားထန်းက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး စံ(၅)ရပ်နှင့်အညီဖြစ်ရေး ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက် ၁၈ ခုအတွက် သုတ၊ ရသစာအုပ် ၇၃၂ အုပ် ငွေကျပ် ၃၆၆၀၀၀ တန်ဖိုးရှိ စာအုပ်များကို မြို့သစ်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၄၀၉)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့သစ်ရပ်ကွက် ရေပ်မွန်(၂) အမျိုးသမီး စောင့်ရှောက်ရေး ပရဟိတဂေဟာ၌ ယသောရောစာကြည့်တိုက် ဖွင့်ပွဲကျင်းပစဉ်။ (ကြေးမုံ)

ကျောက်ဆည်မြို့၌ စာကြည့်တိုက်ဖွင့်

ကျောက်ဆည် မေ ၆

ကျောက်ဆည်မြို့နယ် လက်ပန်ကျေးရွာ၌ ပညာသရဖူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲ အခမ်းအနားကို စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပညာသရဖူစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ စေတနာရှင် ပြည်သူများက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင် ငွေကျပ် ၃၂၅၀၀၀ တို့ကို စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

နိုင်ငံတကာအားကစားသတင်းများ

အိုးထရက်ဖို့ဒ်ရလဒ်က ချန်ပီယံဆုအတွက် အဖြေတစ်ခုဖြစ်လာနိုင်

၂၀၁၀ - ၂၀၁၁ ဘောလုံးရာသီ၏ အင်္ဂလိပ်ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးရန် နီးကပ်လာပြီဖြစ်သည်။ မေ ၇ ရက်(ယနေ့ည)၊ ၈ ရက်ညနှင့် ၁၀ ရက်နေ့ နံနက်ပိုင်းတို့တွင် ပွဲစဉ်(၃၆)ကို ကျင်းပမည်ဖြစ်သည်။ ယခုတစ်ပတ် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအပြီးတွင် ယူရိုပါလိဂ်ဝင်ခွင့်နှင့် တန်းဆင်းဇုန်တို့အတွက် ပြတ်သားသည့်အဖြေများ ပေါ်ထွက်လာဦးမည်မဟုတ်ပေ။ သို့သော် အိုးထရက်ဖို့ဒ်တွင် မန်ယူနှင့် ချယ်လ်ဆီးတို့၏ ထိပ်တိုက်တွေ့ဆုံမှုရလဒ်က ချန်ပီယံဆုအတွက် အဖြေတစ်ခုဖြစ်လာနိုင်ပေသည်။

မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများဖြင့် မကြာခဏ ကြုံတွေ့ခဲ့ရသည်။ ထိုကာလများတွင် အရန်အင်အား တောင့်တင်းလှပါသည်ဆိုသော ချယ်လ်ဆီးမှာ တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဖြစ်ခဲ့ရပြီး ရလဒ်ပိုင်းဆိုးရွားမှုနှင့် ကာလအတန်ကြာ ကြုံတွေ့ခဲ့ရသည်။ မန်ယူအသင်းကမူ နည်းပြဖာဂူဆန်၏ လိမ္မာ ပါးနပ်မှု၊ ဗျူဟာကောင်းမွန်မှုတို့ကြောင့် ဂုဏ်သိက္ခာရှိရှိ အမှတ်ပေးဇယားကို အချိန်ကြာမြင့်စွာ ဦးဆောင်နေလာခဲ့သည်။ မန်ယူအသင်းအနေဖြင့် ထိုသို့ ဦးဆောင်မှုမှာ တဖြည်းဖြည်းပြတ်သားမှုရှိမလာဘဲ မတ်လဆန်းပိုင်းက ၎င်းနှင့် ၁၅ မှတ်အထိ ကွာဝေးခဲ့သည့် ချယ်လ်ဆီးနှင့် ပွဲစဉ်(၃၅)အပြီးတွင် သုံးမှတ်သာ ကွာသည့်အနေအထားသို့ ရောက်လာခဲ့သည်။ ချယ်လ်ဆီးအနေဖြင့် ပထမနေရာက မန်ယူနှင့် ဂိုးကွာခြားချက်တူပြီး သုံးမှတ်အကွာကို ရောက်လာခြင်းက ချန်ပီယံဆုကို အကောင်းဆုံး ခြိမ်းခြောက်လာနိုင်သည့်အနေအထား ဖြစ်သည်။

သို့အတွက်ကြောင့် ယခုပွဲစဉ် (၃၆) တွင် မန်ယူနှင့် ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံမှုက ချန်ပီယံဖြစ်မည့်အသင်းကို အဖြေထုတ်ပေးလာမည်ဖြစ်သည်။ ယခုပွဲစဉ်တွင် မန်ယူက ချယ်လ်ဆီးကို အနိုင်ရသွားမည်ဆိုပါက ချယ်လ်ဆီး၏ ချန်ပီယံဖြစ်ခွင့် အိပ်မက်မှာ ပျက်ပြယ်သွားမည်ဖြစ်ပြီး သရေဆိုလျှင်လည်း မန်ယူက စင်ပေါ်က ဖြစ်နေဦးမည်ဖြစ်သည်။ ထိုသို့မဟုတ်မူဘဲ အိုးထရက်ဖို့ဒ်တွင် ဧည့်သည်အဖြစ်လာရောက်ကစားရမည့် ချယ်လ်ဆီးကသာ အနိုင်ရသွားမည်ဆိုလျှင် မန်ယူအတွက် စိုးရိမ်စရာပင်။

ယခုပွဲစဉ်ကို ချယ်လ်ဆီးတို့ ဖောင်ဖျက်ကစားလာမည်ဖြစ်သလို မန်ယူကလည်း လက်ထဲရောက်ကာနီးဖလားကို လက်လွှတ်ခံမည်မထင်ပေ။ မန်ယူတိုက်စစ်တွင် ဝိန်းရွန်နေးနှင့် ဟာနန်ဒက်ဇ်တို့ တိုက်စစ်အတွဲကို မြင်တွေ့ရမည်ဖြစ်ပြီး ကွင်းလယ်တွင် မိုက်ကယ်ကာရစ်၊ ပေါလ်စခိုး၊ နာနီနှင့် ဗလင်စီယာတို့ကို ထည့်သွင်းဖွယ်ရှိနေသည်။ နောက်တန်းတွင် ဗီဒစ်၊ ဖာဒီနန်၊ အီဗရာနှင့် ဖေဘီယိုစသည့် အဓိကကစားသမားများသာ ပါဝင်လာမည်ဖြစ်သည်။ ချယ်လ်ဆီးကမူ လမ်းပတ်၊ အက်ဆီယံ၊ ရာမီရစ်၊ မာလူဒါ၊ ဒရော့ဘာ၊ အနယ်လ်ကာ စသည့် ကစားသမားများဖြင့် မန်ယူကို ရင်ဆိုင်လာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဤနှစ်သင်း၏ ခြေစွမ်းမှာ ကွာဟမှုမရှိဘဲ နှစ်သင်းလုံး ရစ်သမ်မှန်နေသည်။ ထို့ကြောင့် ယခုပွဲ၏ အနိုင်၊ အရှုံးမှာ ကစားသမားများ၏ စိတ်ဓာတ်နှင့် နည်းပြ၏ ဗျူဟာပေါ်တွင် တည်မှီနေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ပွဲကစားချိန်မိနစ် ၉၀ အပြီးတွင် အိမ်ရှင်မန်ယူက ပထမအကျော့က ရှုံးကြွေးကို ပြန်ဆပ်ပြီး ချန်ပီယံဆုကို လှမ်းကိုင်နိုင်မည်လား။ သို့တည်းမဟုတ် ချယ်လ်ဆီးကပဲ အိုးထရက်ဖို့ဒ်တွင် ခြေစွမ်းပြပြီး မန်ယူကို အခက်တွေ့စေမည်လား ဆိုသည်ကို ဖြင့် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်ကြရပေဦးတော့မည်ဖြစ်သည်။ ။



မော် ရင် ဟို ခေါ် ယူ လို သည့် ဗီလာ အသင်း တောင်ပံ ကစားသမား အက်ရှ်လေယန်း။

မန်ယူအသင်း ဖလားနှစ်လုံးရပါက ပေါင်ကိုးသန်းရမည်

မန်ချက်စတာ မေ ၆

ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေသည့် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားနှစ်လုံးရရှိပါက အပိုဆုကြေးအဖြစ် ပေါင် ကိုးသန်း ရရှိမည်ဖြစ်သည်။

လက်ရှိအချိန် ပရီမီယာလိဂ်ပွဲစဉ်(၃၅) အပြီးတွင် မန်ယူအသင်းသည် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ချန်ပီယံဆုဖလားရရန် အကောင်းဆုံးအနေအထားတွင် ရှိနေသကဲ့သို့ ချန်ပီယံလိဂ်တွင်လည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီးဖြစ်သည်။ ပရီမီယာလိဂ်တွင် လက်ကျန်သုံးပွဲကစားရန် ကျန်ရှိနေသေးကာ အသင်း၏ ၁၈ယောက် လူစာရင်းတွင် ပါဝင်သည့် ကစားသမားတိုင်းသည် တစ်ပွဲ ပေါင် ၁၅၀၀ ရရှိမည်ဖြစ်ပြီး တစ်ပွဲအနိုင်ရတိုင်း ပေါင် ၄၅၀၀ ရရှိမည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ်များအပြီး ရမှတ် ၈၂ မှတ်ရရှိပါက ဆုကြေးပေါင် ၂ ဒသမ ၂ သန်းဝန်းကျင် ရရှိမည်ဖြစ်သည်။ ချန်ပီယံဖြစ်ပါက ပေါင်တစ်သန်းမှ ၁ ဒသမ ၃ သန်းကြား ရရှိမည်ဖြစ်သည်။

ထို့ပြင် မန်ယူအသင်းသည် ချန်ပီယံလိဂ်တွင် အုပ်စုအဆင့်၌ ပေါင်တစ်သောင်းခွဲ၊ ရှုံးထွက်အဆင့်၌ ပေါင်နှစ်သောင်းရရှိခဲ့ပြီးဖြစ်သည်။ ဗိုလ်လုပွဲတွင် ဘာစီလိုနာကို အနိုင်ရပါက ပေါင် ၂ ဒသမ ၅ သန်း ရရှိမည့်အပြင် ထပ်ဆောင်းအပိုကြေးအဖြစ် ပေါင်သုံးသန်း ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဖလားနှင့် ပရီမီယာလိဂ်ဖလားတို့ကို ရရှိပါက စုစုပေါင်း အပိုဆုကြေး ပေါင်းကိုးသန်း ရရှိမည်ဖြစ်သည်။

အင်တာနက်။

အက်ရှ်လေယန်းကို ခေါ်ယူမည့်အထဲတွင် မော်ရင်ဟိုလည်း ပါဝင်လာ

လန်ဒန် မေ ၆

လာမည့်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ဗီလာအသင်း၏ တောင်ပံကစားသမား အက်ရှ်လေယန်းကိုခေါ်ယူရန် ကြိုးပမ်းမည့်အထဲတွင် ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုလည်း ပါဝင်လာကြောင်း သိရသည်။

ဗီလာအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသည့် အက်ရှ်လေယန်းသည် အသင်းနှင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ငြင်းဆန်ထားပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းပြောင်းတော့မည်ဟု တရားဝင်ထုတ်ဖော်ပြောကြားထားသည်။ အက်ရှ်လေယန်းကိုခေါ်ယူရန် ရေပန်းအစားဆုံးအသင်းမှာ မန်ယူအသင်းဖြစ်ပြီး ချယ်လ်ဆီး၊ လီဗာပူးနှင့် မန်စီးတီးတို့ကလည်း စောင့်ကြည့်လျက်ရှိနေသည်။ ဗီလာအသင်းသည် အက်ရှ်လေယန်းကို ပေါင် ၁၅ သန်းဝန်းကျင်ခန့်ဖြင့် ရောင်းချဖွယ်ရှိကာ ၎င်းအနေဖြင့် အသင်းပြောင်းရန် ရည်ရွယ်ထားပြီး ဖြစ်သော်လည်း မည်သည့်အသင်းသို့ သွားရမည်ကိုမူ မဆုံးဖြတ်ရသေးဟု ဆိုသည်။

အင်တာနက်။

ဟန်သစ်

ပညာရှင်
နှလုံးသားဖိုင်ယာရီ

ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း။ ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား

လက်ထပ်ပြီးစီးခြင်း

တောင်ကြီးမြို့နေ
ဦးအကင်း-(ဒေါ်နှင်းဖြူ)တို့၏သားကြီး
မောင်မင်းမင်းထွန်း(ခ)မောင်ရွှေကျင် B.Sc(Maths)
နှင့်
ပဲခူးမြို့နေ
ဦးမျိုးမြင့်(ခ)ဦးအီးယား-ဒေါ်စန်းမြို့တို့၏သမီးထွေး
မပြည့်ဖြိုးလှိုင် B.A(Eng)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၅-၅-၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ဒုတိယညွှန်ကြားရေးမှူး နော်သန်းသန်းအေး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မင်းမင်းထွန်း-ပြည့်ဖြိုးလှိုင်

ဦးသာချင် ၏ သွက်ချာပါဒ ဓလေ့ဆေးမှုန့်
Certificate TH09/3125
ISO 9001:2008 နှင့် GMP

ပုဏ္ဏမိ
ပြန်လည်တည်ဆောက်ကြမယ်
အိမ်မာဆစ်
ကုဋေကုဋာ

အညောင်းထိုင်း အကြောတက်သူများအားလုံး
ဆေးစွမ်းပိုင်

စာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်ခြင်းအခမ်းအနား ဒီမောဆိုမြို့၌ ကျင်းပ

နေပြည်တော် မေ ၆

ကယားပြည်နယ် ဒီမောဆိုမြို့နယ်၌ ၂၀၁၀ ခုနှစ် လူဦးရေစာရင်းအရ အသက်(၁၅)နှစ်အထက် လူဦးရေ ၆၇၀၃၅ ဦး အနက် စာတတ်မြောက်သူဦးရေ ၆၆၇၉၉ ဦးဖြစ်ပြီး စာမတတ်သူ ၂၃၆ ဦး ကျန်ရှိနေသည်။ ၎င်းတို့ကို စာသင်ဝိုင်း ၁၇ ဝိုင်းဖြင့် သင်တန်းကာလ ၅၉ ရက်ကြာ သင်ကြား ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၁ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်ခြင်း အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် ဒီမောဆိုမြို့နယ် အိုဇူရီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး) ဦးစောရှုမူအေးလာက နွေရာသီ စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် မြို့နယ် ပညာရေးမှူးက သင်ကြားဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး သင်တန်းသား၊ သင်တန်းသူများက အရေး၊ အဖတ် စွမ်းရည် လက်တွေ့ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ (၂၀၁၁) ဆက်လက်ပြသလျက်ရှိ

ရန်ကုန် မေ ၆

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ ဆက်လက်ပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် ပြသသည့် ပြခန်းပေါင်း ၁၂၀အနက် တိုင်းရင်းဆေးပြခန်း ၁၁၀ ပါဝင်ပြသလျက်ရှိရာ အဝေရာတိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးသိန်းဝင်းက ယခုလို ပါဝင်ပြသသည့်အတွက် သုံးစွဲသူများနှင့် တိုက်ရိုက်ထိတွေ့ရသဖြင့် အကျိုးကျေးဇူးများရရှိပါကြောင်း၊ မိမိတို့ဆေးဝါးလုပ်ငန်းမှ အမောလုံ နှလုံးအားတိုးဆေး၊ အစာကြေအားဆေး၊ ပွင့်လင်းဒဏ်ကြေ အကိုက်အခဲပျောက်ဆေး၊ အပူငြိမ်းဆေး၊ သွေးချိုဆီးချိုကျဆေး၊ နှလုံးသွေးသန့်ဆေး၊ အဆစ်ရောင်လေးဖက်နာသောက်ဆေး၊ အသည်းအားတိုးဆေးနှင့် သွေးတိုးကျဆေးများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ် ရောင်းချလျက်ရှိကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)ကို မေ ၅ ရက်မှ ၉ ရက်ထိ ဆက်လက်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပညာပေးနှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသောပုစွန်များ ပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၄၊ ၄၅" ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှကာကွယ်ရန်၊ တစ်နိုင်ငံလုံး ရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်များ နတ်မတောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့

နေပြည်တော် မေ ၆

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်အတွင်းရှိ ပေ ၁၀၂၀၀ မြင့်သည့် နတ်မတောင် [ခေါ် နှူးသုမ် (ခ) ဝိတိုရိယတောင်] သို့ မင်းတပ်မြို့မှ ခြေလျင်ခရီးဖြင့် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တောင်တက်ခရီးစဉ်တွင် အဖွဲ့ဝင်အင်အား ၃၅၄ ဦးပါဝင်ပြီး အမျိုးသား ၂၀၁ ဦး၊ အမျိုးသမီး ၁၅၃ ဦး ပါဝင်ကာ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ဝင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် အားကစားဝါသနာရှင်များ လိုက်ပါခဲ့ကြသည်။

ဆေးတက္ကသိုလ်(၁) (ရန်ကုန်)၊ မန္တလေးဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး)၊ အရှေ့ပိုင်းတက္ကသိုလ်(ရန်ကုန်)၊ ဟင်္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရတနာပုံ

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❍

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ အဖွဲ့ဝင်များ အမြင့်ပေ ၁၀၂၀၀ မြင့်သည့် နတ်မတောင်ပေါ်တွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နော်ဝေနိုင်ငံရှိ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးကုမ္ပဏီတစ်ခုက အသုံးပြုလျက်ရှိသော ဆိုက်စမစ် သုတေသန ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စွမ်းအင်နည်းပညာ အင်တာနက်သတင်း ➢ ဘာသာပြန် - စံစံ

တရုတ်နိုင်ငံအတွက် ဆိုက်စမစ် သုတေသနရေယာဉ် ရိုးလ်ရွိုက်စ်ကုမ္ပဏီ ဒီဇိုင်းပုံစံထုတ်ပေးမည်

လန်ဒန် မေ ၆

ဗြိတိန်နိုင်ငံမှ ရိုးလ်ရွိုက်စ် (Rolls-Royce) ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ စွမ်းအင်လုပ်ငန်း ထိပ်တန်းကုမ္ပဏီဖြစ်သော ဆိုင်နိုပက် (Sinopec) ကုမ္ပဏီအတွက် ဆိုက်စမစ်နည်းပညာသုံး သုတေသနရေယာဉ်တစ်စင်းအတွက် ဒီဇိုင်းပုံစံထုတ်လုပ်ပေးရန် စီစဉ်လျက်ရှိသည်။

ရိုးလ်ရွိုက်စ်ကုမ္ပဏီသည် လေယာဉ်အင်ဂျင်စက်များ သင်္ဘောတွန်းကန်အားစနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစနစ်များကို ထုတ်လုပ်နေသော ထိပ်တန်းကုမ္ပဏီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆ - ၅ - ၂၀၁၁

မအူပင်	မတ္တရာ
၅ ဒသမ ၃၉ လက်မ	၃ ဒသမ ၅၄ လက်မ
ပုသိမ်ကြီး	သိမ်ဇရပ်
၃ ဒသမ ၇၂ လက်မ	၂ ဒသမ ၅၆ လက်မ
အမရပူရ	စစ်တွေ
၃ ဒသမ ၆၄ လက်မ	၂ ဒသမ ၅၁ လက်မ